# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၅ ရက် | ၂၀၂၃ ခုနှစ်၊ မေ ၂၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ်(၂၃၁)


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာစေရေး ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက် အဓိကအားဖြင့် အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်ရန် ဖန်တီးပေးရမည်

**နေပြည်တော် မေ ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ပဲခူးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ❑



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာစဉ်။

**ယနေ့** *ဖတ်စရာ*

**အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပို့ဆောင်**

ပြည်တွင်းသတင်း စာ ၁၆

**ကျန်းမာရေးဝန်ကြီးဌာနမှ နယ်လှည့်အထူးကုဆေးအဖွဲ့များ၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များနှင့် ဆေးအဖွဲ့များက ဆိုင်ကလုန်းမုန်တိုင်း မိုခါ ဘေးအန္တရာယ် ကျရောက်ခဲ့သည့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိ**

ပြည်တွင်းသတင်း စာ ၂၀

# နိုင်ငံတစ်ဝန်း မြို့ပြသစ်တောများ ပြည်သူလူထုပါဝင်မှုဖြင့် ထူထောင်

မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများကို အမြို့မြို့ အနယ်နယ်တို့တွင် ကျင်းပနေကြပြီဖြစ်သည်။ မုတ်သုံရာသီ အစ ဇွန်၊ ဇူလိုင်လတို့တွင်လည်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပကာ သစ်ပင်မျိုးစုံ သိန်းနှင့်သန်းနှင့်ချီ၍ စိုက်ပျိုးကြဦးမည်ဖြစ်သည်။

လူဦးရေတိုးပွားလာခြင်းကြောင့် မြို့ပြဧရိယာများ ကျယ်ပြန့်လာခြင်း၊ လူနေထူထပ်လာခြင်းတို့က သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်စေသည်။ ရေနှင့်စွမ်းအင်သုံးစွဲမှု ပိုမိုများပြားလာခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု အခြေအနေ ဆိုးရွားလာခြင်းနှင့် လူများ၊ ယာဉ်ယန္တရားများ၊ တိုက်တာ အဆောက်အအုံများကြောင့် မြို့ပြဒေသ အပူချိန်မြင့်တက်မှုများလည်း ဖြစ်ပေါ်လာရသည်။ ယင်းကို ကာကွယ်နိုင်ရန် အတွက် လမ်းများ၏ ဝဲယာတွင် သစ်ပင်များ စိုက်ပျိုးခြင်း၊ ဥယျာဉ်များ၊ ပန်းခြံများ စိုက်ပျိုးတည်ထောင်ခြင်း၊ စိမ်းလန်းဇုန်များ ဖန်တီးခြင်းစသည်ဖြင့် မြို့ပြဒေသများ စိမ်းလန်းစိုပြည် သာယာလှပရေး၊ အပူချိန်လျော့ကျရေး၊ သဘာဝမြေအောက်ရေ ပြန်လည်ဖြည့်တင်းပေးနိုင်ရေးတို့အတွက် မြို့ပြသစ်တောများကို စိုက်ပျိုးထိန်းသိမ်းကြရသည်။

ပြီးခဲ့သည့်နွေရာသီ နေ့အပူချိန်များ မြင့်တက်ခဲ့စဉ်က ရန်ကုန်မြို့လယ်ဒေသများတွင် နေထိုင်ကြသူများအနက် အပူဒဏ်ကြောင့် ကျန်းမာရေးထိခိုက်သူများရှိခဲ့ရာ မြို့ပြ အပူချိန်မြင့်တက်လာမှုအန္တရာယ်ကို သတိပြုဖွယ်ပင်ဖြစ်သည်။ မြို့လယ်ဒေသများသည် ကွန်ကရစ်တိုက်တာအဆောက်အအုံများ၊ ပလက်ဖောင်းများ၊ လမ်းများဖြင့် ဖုံးလွှမ်းနေခြင်းကြောင့် ရောင်ခြည်ဖြာထွက်မှု (Radiation) မြင့်မားပြီး အစိုဓာတ် ကင်းမဲ့၍ ခြောက်သွေ့ခြင်းနှင့် အပူချိန်မြင့်မားကာ မြို့ပြဒေသ နေထိုင်သူများကို ထိခိုက်မှုဖြစ်စေသည်။ သစ်ပင်များ အများအပြား စိုက်ပျိုးထူထောင်ခြင်းအားဖြင့် အရိပ်နှင့် အစိုဓာတ်ကို ရရှိစေပြီး အပူချိန်ကို ထိန်းထားနိုင်သည်။ မြို့ပြသစ်တောများ (Urban Forests) စိုက်ပျိုးထိန်းသိမ်းထားခြင်းက လေထုထဲရှိ အမှုန်အမွှားများ၊ ကာဗွန်ဒိုင်အောက်ဆိုက်ကဲ့သို့သော ဓာတ်ငွေ့များကို စုပ်ယူထားနိုင်ပြီး လေကိုအေးမြစေသည့်အတွက် မြို့ကို အအေးဓာတ်ပေးသည့် စနစ်တစ်ခုပင်ဖြစ်သည်။

"မြို့ပြသစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်းမှတစ်ဆင့် ပြည်သူလူထု စိတ်ပျော်ရွှင်ကျန်းမာရေးအတွက် စိမ်းလန်းစိုပြည်သည့် အပန်းဖြေနားနေစရာနေရာများ တိုးပွားလာစေခြင်း၊ မြို့ပြ၏ ရေသံသရာစက်ဝန်းကို ထိန်းညှိပေးနိုင်ပြီး မြေအောက်ရေ ထိန်းသိမ်းပေးခြင်းဖြင့် ကောင်းမွန်သည့် သောက်သုံးရေရရှိစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ခရီးသွားများနှင့် စီးပွားရေးလုပ်ငန်းများအတွက် စိတ်ချမ်းမြေ့စရာ ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ခြင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များ လျော့ချပေးနိုင်ခြင်း၊ လေထုညစ်ညမ်းမှုမှ ကာကွယ်ပေးနိုင်ခြင်း၊ မြေဆီလွှာကောင်းမွန်စေပြီး မြေယာရှုခင်းများ ထိရောက်စွာ ထိန်းသိမ်းနိုင်ခြင်းကြောင့် ကမ္ဘာ့သက်ရှိများ တည်မြဲရေး(Life on Land)ကို အထောက်အကူပြုခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ကြောင်း" ယမန်နှစ် ပြည်ထောင်စုနယ်မြေ နေပြည်တော် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲက အမှာစကားပြောကြားခဲ့သည်။

မြို့ရွာဒေသများ စိမ်းလန်းစိုပြည် သန့်ရှင်းလှပခြင်းက ဒေသနေပြည်သူများ၏ရုပ်ပိုင်း၊ စိတ်ပိုင်း ကျန်းမာရေးတို့အပေါ် လွန်စွာအကျိုးသက်ရောက်မှုရှိသည်။ မြို့ပြသစ်တောများကို နိုင်ငံတစ်ဝန်းရှိ မြို့ပြများတွင် ပြည်သူလူထု ပူးပေါင်းပါဝင်မှုအားဖြင့် စိုက်ပျိုးထိန်းသိမ်းကာ ဒေသ၏ စိမ်းလန်းသာယာရေး၊ အများပြည်သူအပန်းဖြေစရာ စိမ်းလန်းမြေများ ဖွံ့ဖြိုးလာစေရေး၊ သစ်တောဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရေးတို့ကို ဖော်ဆောင်ကြရပါမည့် အကြောင်း။ ။

## တရားမအထူးအယူခံမှု (၄) မှု စီရင်ချက်ချမှတ် တရားမအထူးအယူခံမှု (၃) မှု ရုံးထိုင်ကြားနာ

**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးတင်ဟုန်၊ ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့ တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူး အယူခံမှုအမှတ် ၁၀၃/ ၂၀၁၉ (မန္တလေး)၊ ၂၀/၂၀၂၁ (ကချင်)၊ ၄၁ / ၂၀၂၂ (ပဲခူး) နှင့် ၄၂/ ၂၀၂၂ (ပဲခူး) စုစုပေါင်း တရားမအထူးအယူခံမှု (၄) မှု တို့ကို စီရင်ချက် ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှု အမှတ် ၅၁/၂၀၂၂ (မန္တလေး)၊ ၁၆/၂၀၂၂ (မန္တလေး) နှင့် ၃၀/၂၀၂၂ (မန္တလေး) စုစုပေါင်း တရားမအထူး အယူခံမှု(၃)မှုတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နိုကာယ်စာမေးပွဲ ကျင်းပမည်

**နေပြည်တော် မေ ၂၂**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော ၂၀၂၃ ခုနှစ်၊ အကြိမ် (၃၀) မြောက် အစိုးရနိကာယ်စာမေးပွဲကို ၁၃၈၅ ခုနှစ် နယုန်လဆန်း ၁၄ ရက်မှ နယုန်လပြည့်ကျော် ၃ ရက်အထိ (၂၀၂၃ ခုနှစ် ဇွန် ၁ ရက်မှ ၅ ရက်အထိ) ငါးရက်တိုင်တိုင် သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်နက်တည်း ကျင်းပသွားမည်ဖြစ်ပြီး ဖြေဆိုရမည့် ကျမ်းစာအလိုက် သတ်မှတ်ထားသော ရက်အတိုင်း နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

သာသနာရေးဦးစီးဌာနအနေဖြင့် စာမေးပွဲ အချိန်စာရင်းများကို သက်ဆိုင်ရာ သံဃနာယက အဖွဲ့ရုံးများသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း ယင်းဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၂၂**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၂၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"မုန်တိုင်းအန္တရာယ်မှ ကင်းဝေးအောင် ပြောင်းရွှေ့ပေးနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များအား PDF အမည်ခံအကြမ်းဖက်သမားများက ချောင်းမြောင်းပစ်ခတ်သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် မေ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မန္တလေးမှ မီးရထားဆရာဝန်ကြီးအား PDF အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)

ကြေညာချက်

နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ ပထမနှစ် (ဒုတိယနှစ်ဝက်)သင်တန်းနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ဒုတိယနှစ်မှ မဟာဘွဲ့သင်တန်းများအထိ နေ့သင်တန်းများအားလုံးကို ၂၀၂၃ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ရာ ၂၀၂၃ ခုနှစ်၊ မေလ ၂၃ ရက် နေ့မှစတင်၍ ကျောင်းအပ်၊ သတင်းပို့မှုများကို စတင်လက်ခံမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

## မြန်မာ(နေပြည်တော်) - တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ နေပြည်တော်၌ ကျင်းပမည်

**နေပြည်တော် မေ ၂၂**

တရုတ် (လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ၂၀၂၃ ခုနှစ် မေ ၂၅ ရက်မှ ၂၈ ရက်အထိ လေးရက်ကြာ ကျင်းပပြုလုပ်မည်ဖြစ်သည်။

ပြပွဲတွင် တရုတ်နိုင်ငံမှ ကော်ဖီနှင့် လက်ဖက်ခြောက်၊ မက္ကဒေးမီးယား၊ အသင့်စား စားသောက်ကုန်များ၊ ဆိုလာစွမ်းအင်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ မီးဖိုချောင်သုံးနှင့် အခြားလူ့အသုံးအဆောင်ပစ္စည်းများအပါအဝင် မြန်မာနိုင်ငံမှ မြန်မာ့ကျောက်မျက်ရတနာပစ္စည်းများ၊ ဒေသထွက်ကုန်များနှင့် MSME ထုတ်ကုန်များ ပါဝင်ပြသမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၂**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်လျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ်။

- ❖ မိမိတို့နိုင်ငံတွင် နို့ထွက်ပစ္စည်းများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရ
- ❖ ပဲခူးတိုင်းဒေသကြီးအတွင်း နွားမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်၍ နို့ထွက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်ကိုတွေ့ရှိရ
- ❖ အလားတူ ရန်ကုန်တိုင်းဒေသကြီးအတွက် လိုအပ်သည့် အသား၊ ငါး၊ ဥများကို ထုတ်လုပ်၍ ရောင်းချနိုင်မည်ဆိုပါက ဒေသဝင်ငွေများ ပိုမိုတိုးတက်လာမည်
- ❖ ပြည်တွင်း၌ ထုတ်လုပ်၍ ရောင်းချနိုင်သကဲ့သို့ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်ပသို့ပါတင်ပို့နိုင်သဖြင့် ပဲခူးတိုင်းဒေသကြီးအတွက် အကျိုးဖြစ်ထွန်းစေမည်

❑ *ရွှေ့ဖုံးမှ*

ဒုတိယဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**MSME လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အကြီးစား၊ အလတ်စားနှင့် အငယ်စားစက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် MSME လုပ်ငန်းရှင်များက ဆွေးနွေးတင်ပြကြရာတွင် ပဲခူးတိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးပြည့်ဖြိုးအောင်၊ ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမိုးသက်၊ ပန်းပုလုပ်ငန်းရှင်များကိုယ်စား ဦးအောင်ကျော်ဆန်း၊ Light House ကော်ဖီ(တောင်ငူ) လုပ်ငန်းရှင် ဦးဇေယျာမင်း၊ သံရည်ကြိုလုပ်ငန်းရှင်များကိုယ်စား ဦးဌေးဝင်း၊ ပဲခူးမြို့ မြို့မိမြို့ဖ ဦးဆန်နီနှင့် တက်ရောက်လာကြသူများက ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အရင်းအနှီးများနှင့်နည်းပညာများကို နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်း ဈေးကွက်လိုအပ်ချက်ရှိသည့် စားအုန်းဆီလုပ်ငန်း တိုးချဲ့ဆောင်ရွက်လိုမှု၊ ဒေသတွင်းအောင်မြင်လျက်ရှိသည့် ပန်းပုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်း၊ ပြည်ပလက်မှုအနုပညာပြပွဲများသို့ ပါဝင်ပြသနိုင်ရေးအတွက် နိုင်ငံတော်မှ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးစေလိုမှု၊ ကော်ဖီလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမတည်ငွေလိုအပ်ချက်အား ကူညီဆောင်ရွက်ပေးလိုမှု၊ ဒေသတွင်းလည်ပတ်လျက်ရှိသည့် အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများအတွက် လိုအပ်သည်များကူညီဆောင်ရွက်ပေးစေလိုမှု၊ စိုက်ပျိုးမွေးမြူရေးမြို့နယ်အဆင့် ကုန်စည်ဒိုင်များဖြစ်ပေါ်လာမည်ဆိုပါက အကျိုးအမြတ်များဖြစ်ပေါ်လာနိုင်မှု၊ လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို အသီးသီးတင်ပြဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။

**ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အနေဖြင့် ချေးငွေများကို ခေါင်းစဉ်အမျိုးမျိုးဖြင့် ထုတ်ချေးပေးထားပြီး ၎င်းချေးငွေများ ပြန်လည်ရရှိမှသာလျှင် ရင်းနှီးမတည်ငွေများ ပြန်လည်ထုတ်ပေးနိုင်မည်ဖြစ်သဖြင့် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လိုအပ်မှု၊ လုပ်ငန်းများအတွက် ချေးငွေများ ရရှိလိုမှုနှင့် ပတ်သက်၍ လုပ်ငန်းရှင်များအနေဖြင့် ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြလျှောက်ထားနိုင်ပြီး မှန်မှန်ကန်ကန် ဆောင်ရွက်ရန်လိုအပ်မှု၊ လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရေးတို့အတွက် လုပ်ငန်းအလိုက် အတိုးနှုန်းသက်သာသည့် ချေးငွေများရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ချေးငွေများ ရယူပြီးပါက လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ပြီး သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်သွားရန် လိုအပ်မှု၊ ပဲခူးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာဦးစီးဌာနများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့မှုရှိစေရေးနှင့် လိုအပ်သည့် စက်ကိရိယာများ၊ ယာဉ်ယန္တရားများ၊ အရင်းအနှီးများနှင့် နည်းပညာလိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကူညီဆောင်ရွက်ပေးမည်ဖြစ်သဖြင့် သက်ဆိုင်ရာဦးစီးဌာနများတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ ပဲခူးတိုင်းဒေသကြီးအတွင်း သစ်တောဖုံးလွှမ်းမှုပမာဏ ယခုထက် ပိုမိုမြင့်တက်လာစေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဒေသခံများအားလုံးက အလေးထား ဆောင်ရွက်ကြရန်လိုအပ်မှု၊ ဒေသမှထွက်ရှိသည့် ထုတ်ကုန်များ ဈေးကွက်ရရှိရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)ပြပွဲ၊ ပြိုင်ပွဲများတွင် ဝင်ရောက်ပြသခြင်းနှင့် MSME လုပ်ငန်းကော်မတီနှင့် အမြဲမပြတ် ဆက်သွယ်ဆောင်ရွက်မှုရယူရန် လိုအပ်မှုတို့နှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

- ○ မိမိတို့အနေဖြင့် ရွေးကောက်ပွဲ ပြန်လည်ကျင်းပ၍ ရွေးကောက်ခံအစိုးရထံသို့ နိုင်ငံ့တာဝန်များ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် မဖြစ်ဖြစ်အောင် ဆောင်ရွက်သွားမည်ဟု အာမခံ
- ○ တိုင်းပြည်အတွက် ကောင်းမွန်သည့်စိတ်ဖြင့် ဆောင်ရွက်မည်ဆိုပါက မည်သူ့ကိုမဆို လက်တွဲဆောင်ရွက်သွားမည်ဖြစ်သည်ကို အသိပေးလို

**ပဲခူးတိုင်းဒေသကြီးအတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မိမိတို့နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများကို မြှင့်တင်နိုင်ရန်အတွက် လိုအပ်သည်များကို ဆွေးနွေးပြောကြားနိုင်ရန်၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ယခုကဲ့သို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုတွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်အနေဖြင့် မည်ကဲ့သို့ဆောင်ရွက်ပေး၍ ရနိုင်မည်ကို စဉ်းစားဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးသည် ပြည်နယ်နှင့်တိုင်းများအားလုံး၌ မွန်ပြည်နယ်ပြီးပါက စီးပွားရေးအားကောင်းသည့် တိုင်းဒေသကြီးတစ်ခုဖြစ်သည်ကို အချက်အလက်များအရ သိရှိရကြောင်း၊ နိုင်ငံတော်၏စီးပွားရေးအတွက် အားကိုးအားထားရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးသည် ၂၀၁၈ ခုနှစ်မှ စတင်၍ ကျဆင်းခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်ခဲ့မှုများကြောင့် စီးပွားရေးပိုမိုကျဆင်းခဲ့ရကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်မှုနှင့် နိုင်ငံရေးပဋိပက္ခများကြောင့် စီးပွားရေးသည် အနုတ်လက္ခဏာ ဖြစ်ခဲ့ကြောင်း။

**စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်**

ယခင်က ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးမှုနည်းပါးခဲ့ကြောင်း၊ နိုင်ငံအနေဖြင့် ရောင်းချ၍ရသည့် ထုတ်ကုန်ပစ္စည်းများကို လုံလောက်စွာထုတ်လုပ်နိုင်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊ မြေသယံဇာတပစ္စည်းများ၊ ရေသယံဇာတပစ္စည်းများကို ထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် ပိုမိုအောင်မြင်နိုင်သည့် အခြေခံခိုင်မာပြီးဖြစ်သော ကုန်ထုတ်လုပ်ငန်းဖြစ်သဖြင့် မိမိတို့အနေဖြင့် အားပေးဆောင်ရွက်နေခြင်းဖြစ်ပြီး အလုပ်လုပ်နိုင်ရန် အဓိကအားဖြင့် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် မိုးစပါးစိုက်ဧက ၁၅ သန်းရှိပြီး လယ်စိုက်ဧကမှာ ၁၃ သန်းကျော်ရှိကြောင်း၊ အဆိုပါမြေများ၌ မိုးစပါးစိုက်ပျိုးပြီး သီးထပ်များကို စိုက်ပျိုးမည်ဆိုပါက သီးထပ်စွမ်းအားများ တိုးတက်လာမည်ဖြစ်ကြောင်း၊ *စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း ဟူ၍ရှိပြီး အားလုံးပြည့်စုံကောင်းမွန်နေရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့်များ ရရှိရန်လိုအပ်သကဲ့သို့ မြေဆီမြေဩဇာကောင်းမွန်အောင်ဆောင်ရွက်ရန် လည်းလိုကြောင်း၊ အလားတူ စိုက်ပျိုးရေးအတွက် အဓိကလိုအပ်သည့် အောင်ရေများ လုံလောက်စွာရရှိရန်လည်း လိုကြောင်း၊ စိုက်ပျိုးနည်းစနစ်များလည်း မှန်ကန်ရန်လိုအပ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်မှသာလျှင် တစ်ဧကချင်း အထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများတွင်လည်း မျိုးကောင်းမွန်ရန် လိုအပ်သကဲ့သို့ မွေးမြူရေးစနစ်များနှင့် တိရစ္ဆာန်အစားအစာများကို လုံလောက်စွာ ကျွေးမွေးနိုင်ရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သီးထပ်စွမ်းအားများကို မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက် စိုက်ပျိုးရေးထုတ်ကုန်များကို ပိုမိုထုတ်လုပ်နိုင်ပြီး နိုင်ငံအတွက်ဝင်ငွေများ ပိုမိုရရှိစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး အထွက်နှုန်းများတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပဲခူးတိုင်းဒေသကြီး၏ ဝင်ငွေများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း။

### MSME လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ကုန်ကြမ်းပစ္စည်း၊ လျှပ်စစ်ဓာတ်အား၊ သွင်းအားစုများနှင့် လူသားအရင်းအမြစ်ကောင်းများ လိုအပ်

MSME လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကြမ်းများလိုအပ်ကြောင်း၊ အလားတူ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရန်အတွက် လျှပ်စစ်ဓာတ်အားများ လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ယခင်ကတည်းက လျှပ်စစ်ဓာတ်အားပေးစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးဖြင့် နှောင့်နှေးခြင်းနှင့် ရပ်တန့်ခဲ့ရမှုများရှိကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ယခုအချိန်အထိ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဆည်များ တည်ဆောက်ထားသော်လည်း PDF အမည်ခံအကြမ်းဖက်သမားများအပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းအချို့၏ ဖျက်ဆီးမှုများကို ကြုံတွေ့နေရကြောင်း၊ ထို့ကြောင့်လည်း လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ လိုအပ်ချက်များရှိနေခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ဓာတ်မြေဩဇာများလည်း လိုအပ်သဖြင့် ပြည်ပမှ ဝယ်ယူနိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံခြားငွေရှိမှသာ ပြည်ပမှဝယ်ယူနိုင်မည်ဖြစ်သဖြင့် နိုင်ငံခြားငွေရရှိရေး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း။

MSME လုပ်ငန်းများအတွက် လိုအပ်သည့်ရင်းနှီးမတည်ငွေများကို မိမိတို့အနေဖြင့် သတ်မှတ်ချက်များနှင့်အညီ ထုတ်ချေးပေးလျက်ရှိကြောင်း၊ အလားတူ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ လုံလောက်စွာ ရရှိစေရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများကို စတင်ဖွင့်လှစ် သင်ကြားလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် အတန်းပညာတတ်မြောက်မှုများ နည်းပါးနေသေးကြောင်း၊ အတန်းပညာတတ်မြောက်မှသာ အတတ်ပညာများကို သင်ကြားနိုင်မည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာစဉ်။

မိမိတို့နိုင်ငံတွင် နို့ထွက်ပစ္စည်းများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း နွားမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်၍ နို့ထွက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ အလားတူ ရန်ကုန်တိုင်းဒေသကြီးအတွက် လိုအပ်သည့် အသား၊ ငါး၊ ဥများကို ထုတ်လုပ်၍ ရောင်းချနိုင်မည်ဆိုပါက ဒေသဝင်ငွေများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ ထုတ်လုပ်၍ ရောင်းချနိုင်သကဲ့သို့ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ပြီး ပြည်ပသို့ပါတင်ပို့နိုင်သဖြင့် ပဲခူးတိုင်းဒေသကြီးအတွက် အကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း။

ပဲခူးတိုင်းဒေသကြီးအတွင်း ရော်ဘာစိုက်ပျိုးမှု ဧက ၅၀၀၀၀ ခန့်ရှိသည်ကို တွေ့ရှိရကြောင်း၊ ဒေသတွင်းမှ ထွက်ရှိသည့် ရော်ဘာများကိုအခြေခံ၍ ဒေသအတွက် လိုအပ်သည့်မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် တာယာများ၊ အခြားလူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အလားတူ ဒေသတွင်းဆန်ဖူလုံမှု ရှိသည်ကို တွေ့ရှိရကြောင်း၊ စပါးကြိတ်ခွဲရာမှထွက်ရှိလာသည့် ဖွဲ၊ ဆန်ကွဲများကိုလည်း တိရစ္ဆာန်အစာအပါအဝင် အကျိုးရှိစွာအသုံးချနိုင်ရန်လိုကြောင်း၊ ဆီထွက်သီးနှံများကိုလည်း အမှန်တကယ်ဖြစ်ထွန်းအောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်း စားသုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်နိုင်ငံခြားငွေများ အသုံးပြု၍ ဝယ်ယူနေရကြောင်း၊ သီးထပ်များ စိုက်ပျိုးရာတွင် ဆီထွက်သီးနှံများကို အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှစားသုံးဆီတင်သွင်းရမှုများ လျော့ကျသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်ခြင်းဖြင့် ဝင်ငွေများ ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

### အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်အောင် ဖန်တီးပေးရန် အဓိကလိုအပ်

နိုင်ငံ့စီးပွားရေးကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်သဖြင့် သက်ဆိုင်ရာလုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်း၍ တိုးတက်အောင်ဆောင်ရွက်ပေးကြရန် လိုကြောင်း၊ အဓိကအားဖြင့် အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်အောင် ဖန်တီးပေးရန် ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရေးနှင့် အလုပ်လုပ်နိုင်ရန် အခွင့်အရေးများ ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိကြောင်း၊ ထို့ကြောင့် မိမိတို့ နိုင်ငံ အခက်အခဲဖြစ်ပေါ်ချိန်တွင် မိမိတို့နိုင်ငံ၏အားဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **မိမိတို့အနေဖြင့် ရွေးကောက်ပွဲပြန်လည်ကျင်းပ၍ ရွေးကောက်ခံအစိုးရထံသို့ နိုင်ငံ့တာဝန်များပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် မဖြစ်ဖြစ်အောင် ဆောင်ရွက်သွားမည်ဟု အာမခံ**ကြောင်း၊ ထို့ကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် ဦးစွာဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ **တိုင်းပြည်အတွက် ကောင်းမွန်သည့်စိတ်ဖြင့် ဆောင်ရွက်မည်ဆိုပါက မည်သူ့ကိုမဆို လက်တွဲဆောင်ရွက်သွားမည်ဖြစ်သည်ကို အသိပေးလို**ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်ကို ကောင်းမွန်အောင်ဆောင်ရွက်လိုသည့်စိတ်ဖြင့်သာ လုပ်ဆောင်နေခြင်းဖြစ်သဖြင့် အောင်မြင်မှုများရရှိမည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးတိုက်တွန်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပေါင်းတည်မြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပွဲ ကျင်းပ

**ပေါင်းတည် မေ ၂၂**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ဇီးပင်လှကြိုးဝိုင်းအနီးရှိ လိပ်ခွဲကျေးရွာ ကြာနီကန်ရေကန်ဝန်းကျင် ကျေးရွာပိုင်မြေတွင် ယမန်နေ့ နံနက် ၉ နာရီက ဒေသခံကျေးရွာပြည်သူများနှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၃ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပွဲ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပွဲတွင် မြို့နယ်သစ်တောဦးစီးမှူး ဦးဗန်လာအဲငါ နှင့်တောအုပ်ကြီး ဦးအောင်စိုးမိုးတို့က ဦးဆောင်၍ သစ်တောဦးစီးဌာနမှ ဝန်ထမ်း ၃၅ ဦးနှင့်ဒေသခံကျေးရွာ ပြည်သူများပူးပေါင်းကာ သစ်မျိုးစုံ အပင် ၂၀၀ ကို စိုက်ပျိုးကြသည်။ **(ယာပုံ)**



ထိုသို့ သစ်တောသစ်ပင်များ စိုက်ပျိုးခြင်းဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေရန်၊ ဒေသတွင်း အပူချိန်လျော့ကျလာစေရန်၊ ဂေဟစနစ် တည်ငြိမ်လာစေရန်နှင့် သစ်တောသစ်ပင်များ စိုက်ပျိုးခြင်းဖြင့်ရရှိလာမည့်အကျိုးကျေးဇူးများကို ဒေသခံပြည်သူများ ရရှိခံစားနိုင်စေရန်ရည်ရွယ်၍ ဒေသခံများနှင့်ပူးပေါင်းကာ သစ်ပင်စိုက်ပွဲများ ပြုလုပ်ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ ယနေ့ သစ်တောသစ်ပင် စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ကံ့ကော်နှင့် ခရေပင်များ စိုက်ပျိုးထူထောင်နိုင်ခဲ့ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

**သူရကြီး (ပြန်/ဆက်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရွှေမော်ဓောစေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရားစေတီများသို့ သွားရောက်ဖူးမြော်ကြည်ညို၊ ကမ္ဘောဇသာဒီရွှေနန်းတော်ကြီး ထိန်းသိမ်းထားရှိမှုအား ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထိန်ဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီး ဘုရားစေတီများသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

## နှစ်ပေါင်း ၁၀၀၀ ကျော်သက်တမ်းရှိ သမိုင်းဝင်ကျိုက်ပညာယျစေတီတော်မြတ်ကြီး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့နယ် ဥဿမြို့သစ် ပဲခူးတက္ကသိုလ်အနီးတွင် တည်ထားကိုးကွယ်သည့် နှစ်ပေါင်း ၁၀၀၀ ကျော် သက်တမ်းရှိပြီဖြစ်သော သမိုင်းဝင် ကျိုက်ပညာယျ စေတီတော်မြတ်ကြီး ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုကာ စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။ ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေ များကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် က လက်ခံရယူသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ နှစ်ပေါင်း ၁၀၀၀ ကျော်သက်တမ်းရှိ သမိုင်းဝင် ကျိုက်ပညာယျစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစဉ်။

ထို့နောက် သမိုင်းဝင်စေတီတော်မြတ်ကြီးအား ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရေရှည်ကို မျှော်မှန်း၍ စနစ်တကျ တွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊ လက်ရှိစေတီတော်ကြီး၏ ရင်ပြင်တော်မှာ ဘုရားဖူး အများအပြားလာရောက်ပါက အဆင်ပြေနိုင်မည် မဟုတ်သောကြောင့် အထက်ပစ္စယံ၊ အလယ်ပစ္စယံ နှင့် အောက်ပစ္စယံတို့ကို ဆောင်ရွက်သွားရန်လို ကြောင်း၊ စေတီတော်ကြီးပရိဝုဏ်အတွင်း သန့်ရှင်း သာယာလှပရေးတို့ကို ဆောင်ရွက်ရန်လိုပြီး ရေဝင် ရေထွက်ကောင်းမွန်ရေးကိုပါ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ မွန်ဘုရားဖြစ်သည့်အတွက် မွန် လက်ရာများလည်း ပါဝင်ရန်လိုကြောင်း၊ နှစ်ပေါင်း ၁၀၀၀ ကျော်သက်တမ်းရှိပြီဖြစ်သည့် သမိုင်းဝင် ကျိုက်ပညာယျစေတီတော်မြတ်ကြီး ပြုပြင်မွမ်းမံ မည့် လုပ်ငန်းကဏ္ဍများ၌ ရဟန်း၊ ရှင်လူ၊ အများ ပြည်သူတို့ ပါဝင်ကုသိုလ်ယူနိုင်ရေးအတွက်လည်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ရန်လိုကြောင်း မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေမော်ဓောစေတီတော်သမိုင်းပြတိုက်အတွင်း ရှေးဟောင်းလက်ရာပစ္စည်းများကို ကြည့်ရှုစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညို၍ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန် မှာကြားသည်။

## ဆုတောင်းပြည့်စွယ်တော်ရှင် မဟာစေတီတော်မြတ်ကြီး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင် များသည် ပဲခူးမြို့ မဇင်းရပ်ကွက်ရှိ ဒုတိယမြန်မာနိုင်ငံ တော်ကြီးကို တည်ထောင်တော်မူခဲ့သော ဟံသာဝတီ ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး ကိုယ် တော်တိုင် တည်ထားကိုးကွယ်ခဲ့သည့် ဆုတောင်း ပြည့်စွယ်တော်ရှင် မဟာစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး စေတီတော်မြတ်ကြီးအား ဖူးမြော် ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော် သည်။ ထို့နောက် စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပက အဖွဲ့က လက်ခံရယူပြီး ဓမ္မလက်ဆောင်များ ပြန်လည် ပေးအပ်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စေတီ တော်မြတ်ကြီး ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်သည်။

*စာမျက်နှာ ၆ သို့*






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဆုတောင်းပြည့်စွယ်တော်ရှင် မဟာစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

*စာမျက်နှာ ၅ မှ*

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုပြီး စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည့် ပြုပြင်မွမ်းမံ ထိန်းသိမ်းမှုများကို မပြတ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

### ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီး

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် “ရှင်ပင်သာလျောင်း” ခေါ် “ရွှေသာလျောင်း” ရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဓမ္မလက်ဆောင် ပြန်လည်ပေးအပ်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုပြီး ရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သန့်ရှင်းသာယာလှပပြီး လာရောက်ဖူးမြော်သူများ ကြည်ညိုသပ္ပာယ်ဖွယ် ဖြစ်စေရေး လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများကို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီး၌ ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

အမြဲမပြတ် ဆောင်ရွက်ရန်လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ငင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အာရုံခံတန်ဆောင်းအတွင်းရှိ သာသနာရေးဆိုင်ရာ ပစ္စည်းများနှင့် ရှေးရာလက်မှုပစ္စည်း အရောင်းဆိုင် များအား လှည့်လည်ကြည့်ရှုအားပေးသည်။

### ရွှေမော်ဓော စေတီတော်မြတ်ကြီး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေမော်ဓောစေတီတော်မြတ်ကြီးသို့ ရောက်ရှိဖူးမြော် ကြပြီး ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဘက်စုံအလှူငွေ များ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံ ရယူပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်မြတ်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ် ရေးထိုးပူဇော်သည်။

ငင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီး အထက်ပစ္စယံရှိဆုတောင်းပြည့် ဘီလူးရန်နိုင် ဘုရားအား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် စေတီတော်မြတ်ကြီးရှိ ရွှေမော်ဓော စေတီတော်သမိုင်းပြတိုက်အတွင်း ခင်းကျင်းပြသ ထားသည့် ရှေးဟောင်းလက်ရာ ဗုဒ္ဓရုပ်ပွားတော်များ၊ လက်ဝတ်ရတနာများ၊ အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုပြီး ရှေးဟောင်းလက်ရာများသည် သမိုင်းကို ပြသနေခြင်းပင်ဖြစ်သည့်အတွက် မပျောက်ပျက်၊ မပျက်စီးအောင် စနစ်တကျ ထိန်းသိမ်းကြရန်နှင့် အခြားလိုအပ်သည်များကို မှာကြားကာ စေတီတော် မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော် ကြည်ညိုခဲ့ကြသည်။

### ကမ္ဘောဇသာဒီ ရွှေနန်းတော်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ကမ္ဘောဇသာဒီရွှေနန်းတော်သို့ ရောက်ရှိကြပြီး ရွှေနန်းတော်အတွင်း ယခင်မြေနန်း ပြာသာဒ်ဆောင်နေရာမှ တူးဖော်ရရှိသည့် ကျွန်းတိုင် များကို ပြသထားရှိမှု၊ နန်းတော်အား ပြန်လည်ပြုပြင် ထိန်းသိမ်းရန်ဆောင်ရွက်လျက်ရှိမှု၊ နန်းတော်ပြတိုက် အတွင်း ရှေးဘုရင်များအသုံးပြုခဲ့သည့် အသုံး အဆောင်ပစ္စည်းများ ပြသထားရှိမှုများကိုလည်း ကောင်း၊ ဟံသာဝတီရှေးဟောင်းသုတေသန ပြတိုက် အတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်းဗုဒ္ဓ ရုပ်ပွားတော်များနှင့် ရှေးဟောင်းအသုံးအဆောင် ပစ္စည်းများကို လည်းကောင်း၊ ဘမရာသနပလ္လင်တော် ဆောင်အတွင်း *စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ကမ္ဘောဇသာဒီ ရွှေနန်းတော်အတွင်း ယခင်မြေနန်းပြာသာဒ်ဆောင်နေရာမှ တူးဖော်ရရှိသည့် ကျွန်းတိုင်ကို ကြည့်ရှုစစ်ဆေးစဉ်။

- **ကမ္ဘောဇသာဒီရွှေနန်းတော်ကြီးအား ပြန်လည်ပြုပြင် ထိန်းသိမ်းမှုများကို အမြန်ဆုံးဆောင်ရွက်**
- **ထိုသို့ဆောင်ရွက်ရာတွင်လည်း သမိုင်း မှတ်တမ်းမှတ်ရာများ၊ မြေနန်းပြာသာဒ် မှ တူးဖော်ရရှိသည့် ရှေးလက်ရာများ အတိုင်း ပြန်လည်ပြုပြင်ထိန်းသိမ်း ဆောင်ရွက်**
- **ပြတိုက်အား လာရောက်လေ့လာသူ များ အလွယ်တကူ လေ့လာနိုင်ရေး ခေတ်နှင့်လျော်ညီစွာ ခင်းကျင်းပြသ ထားရှိရန်လို**

*စာမျက်နှာ ၆ မှ*

ခင်းကျင်းထားရှိမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘောဇသာဒီရွှေနန်းတော်ကြီးအား ပြန်လည်ပြုပြင်ထိန်းသိမ်းမှုများကို အမြန်ဆုံးဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း သမိုင်းမှတ်တမ်းမှတ်ရာများ၊ မြေနန်းပြာသာဒ်မှတူးဖော်ရရှိသည့် ရှေးလက်ရာများအတိုင်း ပြန်လည်ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ပြတိုက်အားလာရောက်လေ့လာသူများ အလွယ်တကူ လေ့လာနိုင်ရေး ခေတ်နှင့်လျော်ညီစွာ ခင်းကျင်းပြသထားရှိရန်လိုကြောင်း၊ ဘုရင့်နောင်မင်းတရားကြီး စီးနင်းအသုံးပြုခဲ့သည့် ရထားတော်ကြီးကို မူလအရွယ်အစားအတိုင်း ရှေးမူမပြတ်ပြန်လည်တည်ဆောက်၍ ပြသထားရန်လိုကြောင်း၊ ကမ္ဘောဇသာဒီရွှေနန်းတော်ကြီးအတွင်း သန့်ရှင်းသာယာလှပစေရေး အမြဲမပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ ဟံသာဝတီမြို့တော်ဟောင်းနေရာအား ပြန်လည်ဖော်ထုတ်ထိန်းသိမ်းနိုင်ရေး တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကမ္ဘောဇသာဒီ ရွှေနန်းတော်ရှိ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

မြန်မာသက္ကရာဇ် ၉၁၅ (အေဒီ ၁၅၅၃ )ခုနှစ်တွင် ဘုရင့်နောင်မင်းတရားကြီးသည် ဟံသာဝတီဒေသ၌ အကျယ်အဝန်း ၃၄၀၀ စတုရန်းမီတာရှိကာ မြို့ရိုးပတ်လည် တစ်ဖက်တစ်ချက်စီတွင် မြို့တံခါးငါးပေါက်ပါရှိပြီး စုစုပေါင်း မြို့တံခါး ၂၀ ဖြင့် တည်ဆောက်ထားသည့် ကြီးကျယ်ခမ်းနားသည့် နန်းတော်သစ်တစ်ခုကို တည်ဆောက်ခဲ့ပြီး "ကမ္ဘောဇသာဒီ" ဟု ခေါ်တွင်စေခဲ့ကြောင်း၊ မြန်မာသက္ကရာဇ် ၉၄၃ ခုနှစ်(အေဒီ ၁၅၈၁)ခုနှစ်၊ သက်တော် ၆၆ နှစ်တွင် ဘုရင့်နောင်မင်းတရားကြီး နတ်ရွာစံခဲ့ပြီး သားတော်နန္ဒဘုရင်လက်ထက်တွင် ဟံသာဝတီမြို့ ပျက်စီးခဲ့ရကာ "ကမ္ဘောဇသာဒီ" နန်းတော်ကြီးမှာလည်း မီးရှို့ဖျက်ဆီးခံခဲ့ရကြောင်း၊ ထို့နောက် နှစ်ပေါင်း ၄၀၀ ကျော်ခန့် အပျက်အစီးများအောက်တွင် တိမ်မြုပ်ပျောက်ကွယ်ခဲ့ရသည့် "ကမ္ဘောဇသာဒီ"နန်းတော်ကြီးကို ရှေးဟောင်းသုတေသနဦးစီးဌာနက ၁၉၉၀ ပြည့်နှစ် နှစ်ဆန်းပိုင်းမှ ၁၉၉၇ ခုနှစ်အထိ သုတေသနပြုတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ မြေနန်းပြာသာဒ်ဆောင်နေရာအား ၁၉၉၃ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် စတင်သုတေသနပြုတူးဖော်ခဲ့ရာ မြေနန်းပြာသာဒ်ဆောင်၊ စနုဆောင်၊ လက်ဝဲဝင်းဆောင်နှင့် လက်ယာဝင်းဆောင်တို့၏ အုတ်ခုံပန္နက်များကို တွေ့ရှိခဲ့ကြောင်း၊ အဆိုပါနေရာများမှ ကျွန်းတိုင်လုံး အကြွင်းအကျန်များကို တွေ့ရှိခဲ့ရပြီး အချို့ကျွန်းတိုင်များတွင် ပေးပို့ဆက်သသူများ၏ အမည်များကိုရေးထိုးထားသည်ကို တွေ့ရှိရကြောင်း၊ ဘုရင့်နောင်မင်းတရားကြီး၏ မြေနန်းပြာသာဒ်ဆောင်၊ လက်ဝဲဝင်းဆောင်၊ လက်ယာဝင်းဆောင်နှင့် စနုဆောင်တို့ကို ပုံစံတူပြန်လည်တည်ဆောက်ရေးအတွက် တူးဖော်တွေ့ရှိရသည့် ပန္နက်ပုံ၊ မှတ်တမ်းအထောက်အထားများနှင့် ညှိနှိုင်း၍ ပုံစံတူ ပြန်လည်တည်ဆောက်ထားခြင်းဖြစ်ကြောင်းနှင့် ပြည်တွင်း၊ ပြည်ပမှ လာရောက်လေ့လာသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

# တပ်မတော်(ရေ)နှင့် တပ်မတော်(လေ) တို့မှ သင်တန်းသား သင်တန်းသူများ ရန်ကုန်မြို့သို့ ရောက်ရှိလေ့လာ

**နေပြည်တော် မေ ၂၂**

ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် တပ်မတော်(ရေ)မှ ရေကြောင်းလူငယ် အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းတို့မှ သင်တန်းသား၊ သင်တန်းသူများသည် အုပ်ချုပ်သူနည်းပြများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ရေတပ်သင်္ဘောကျင်းဌာနချုပ်သို့ ရောက်ရှိကြပြီး သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများ၊ လွန်းတင်ပြင်ဆင်လျက်ရှိသော ရေယာဉ်များ၏ ပြုပြင်ရေးဆောင်ရွက်နေမှုများ၊ Shiplift System ဖြင့် ရေယာဉ်များ လွန်းတင်/လွန်းချ စနစ်များနှင့် စက်ရုံ၊ အလုပ်ရုံများရှိ တွင်ခုံ၊ ဖောက်ခုံ၊ ရေဘော်ခုံများသို့ လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။



ဆက်လက်ပြီး သင်တန်းသား သင်တန်းသူများသည် ရေတပ်လေ့ကျင့်ရေး ဌာနချုပ်သို့ရောက်ရှိကြပြီး သီရိမဟာဇေယျကျော်ထင်ခန်းမ၌ တာဝန်ရှိသူတစ်ဦးက ရေတပ်လေ့ကျင့်ရေးဌာနချုပ်၏ လေ့ကျင့်ရေးတာဝန်များကို ရှင်းလင်းပြောကြားပြီး သီရိမဟာဇေယျကျော်ထင်ခန်းမ၌ တပ်မတော်(ရေ)သမိုင်းမှတ်တမ်းအား ပြသခဲ့သည်။ ယင်းနောက် သင်တန်းသား သင်တန်းသူများသည် ရေတပ်လေ့ကျင့်ရေးဌာနချုပ်ရှိ ရေကြောင်းပြခန်း၊ တပ်မတော်(ရေ) ဗဟိုစာကြည့်တိုက်၊ စိတ်ခတ်မြှင့်တင်ရေးခန်းမ၊ နက္ခတ်တာရာပြခန်း၊ Department of Maritime Operation–DMO အဆောက်အဦရှိ Ship Handling Simulator(A) နှင့် Engine Room Simulator၊ ဥတ္တရဆောင်ရှိ စာသင်ခန်းများ၊ RAS & Towing Trai–ning၊ Mechanical and Electrical Trainer၊ Welding Simulator၊ Damage Control Simulator–Zamani နှင့် သမိုင်းဝင်စစ်ရေယာဉ် (မေယု) ပေါ်သို့ သွားရောက်လေ့လာခဲ့ရာ တာဝန်ရှိသူများက လှည့်လည်ရှင်းလင်းပြသကြသည်။

ထို့နောက် နေ့လယ်ပိုင်းတွင် သင်တန်းသား သင်တန်းသူများသည် တပ်မတော်(ရေ) မှ စစ်ရေယာဉ် (အောင်ဇေယျ) နှင့် စစ်ရေယာဉ် (ကျန်စစ်သား) တို့ဖြင့် ရန်ကုန်မြစ်တွင်းမှ ပင်လယ်ဝသို့ ခရီးတိုလိုက်ပါစီးနင်းခြင်း လေ့လာရေးခရီး သွားရောက်ကြသည်။ အဆိုပါလေ့လာရေးခရီးစဉ်တွင် သင်တန်းသား သင်တန်းသူများသည် စစ်ရေယာဉ်များရှိ ရေယာဉ်ဆိုင်ရာအချက်အလက်များ၊ လက်နက်နှင့် လက်နက်စနစ်များ၊ စက်ပိုင်းဆိုင်ရာစနစ်များ၊ ရေကြောင်းသွားလာရေးဆိုင်ရာ အထွေထွေဗဟုသုတများ၊ ဆက်သွယ်ရေးနှင့် အီလက်ထရွန်နစ်ဆိုင်ရာစနစ်များ၊ ရေယာဉ်ခုတ်မောင်းနေစဉ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် အခြားသိသင့်သိထိုက်သည်များကို စိတ်ပါဝင်စားစွာလေ့လာခဲ့ကြပြီး တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့သည်။

အလားတူ တပ်မတော်(လေ)မှ အခြေခံလေကြောင်းလူငယ် သင်တန်း (အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်) သင်တန်းသား သင်တန်းသူများသည် အုပ်ချုပ်သူနည်းပြများနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာ သတင်းအချက်အလက် စင်တာသို့ ဆက်လက်သွားရောက်လေ့လာသည်။

ထိုသို့လေ့လာရေးခရီးလာရောက်ကြသော သင်တန်းသား သင်တန်းသူများအား နျူကလီးနည်းပညာသတင်းအချက်အလက်စင်တာမှ တာဝန်ရှိသူများက ပြခန်းမဆောင်တွင် ပြသထားသော နျူကလီးယားနည်းပညာ အသုံးပြု၍ ရောဂါရှာဖွေမှု (တိုမိုဂရမ်) နမူနာပုံစံ၊ အသေးစား လျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖို အမျိုးအစားတစ်ခုဖြစ်သော RITM–200 ၏ အတွင်းပိုင်းပါဝင်ပစ္စည်းများနှင့် အလုပ်လုပ်ပုံပြနမူနာပုံစံ၊ ခန္ဓာကိုယ်၏ ဓာတ်ရောင်ခြည်ပမာဏကို တိုင်းတာပြီး သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုပစ္စည်းများတွင် ပါရှိသည့် ဓာတ်ရောင်ခြည်ပမာဏနှင့် နှိုင်းယှဉ်ဖော်ပြပေးသည့် Radiometer စက်၊ နျူကလီးယားနည်းပညာဆိုင်ရာ အခြေခံအကြောင်းအရာများကို မေးခွန်းများမေး၍ ဖြေကြားနိုင်သည့် ပဟေဠိဂိမ်းစနစ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ စသည့်သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုပစ္စည်းများတွင် ထွက်ရှိလျက်ရှိသော ရေဒီယိုသတ္တိကြွမှုကို တိုင်းတာဖော်ပြပေးသည့် စက်၊ နျူကလီးယား ဓာတ်ပေါင်းဖိုတစ်ခု၏ အတွင်းပိုင်း ပါဝင်ပစ္စည်းများနှင့် ဆင့်ဆင့်တည်ဆောက်ပုံကို 3D Virtual နည်းပညာဖြင့် ပုံဖော်ပြသသည့် ပုံစံငယ်နှင့် လေအားအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် Wind turbine နမူနာပုံစံငယ်တို့အား အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဗီဒီယိုပြခန်းမဆောင်တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဂုဏ်ပြုသရုပ်ဖော်ပြသသည့်သီချင်း MTV၊ အဏုမြူစွမ်းအင်ဦးစီးဌာန၏ဂုဏ်ပြုသီချင်း MTV၊ အသေးစား လျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုများ၏ အရေးပါမှုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM ၏ အသေးစား လျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုများ တည်ဆောက်မှုအတွေ့အကြုံများ ရှင်းလင်းတင်ပြမှု ဗီဒီယိုပြကွက်၊ နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာ အခြေခံအကြောင်းအရာများကို မြန်မာဘာသာဖြင့် ရှင်းလင်းပြောကြားထားသည့် ပြကွက်များ၊ နျူကလီးယားနည်းပညာဖြင့် ကျန်းမာရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ ပညာရေး၊ စက်မှုလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး ကဏ္ဍအသီးသီးတွင် လက်တွေ့ကျကျ အသုံးပြုနေခြင်းဆိုင်ရာ ပိုစတာများကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း စစ်တွေမြို့အတွင်း မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေး

**စစ်တွေ မေ ၂၂**
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့အတွင်း မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးများအား ပူးပေါင်းအဖွဲ့များဖြင့် ရှင်းလင်းဖယ်ရှားနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့သည် စစ်တွေမြို့ ပြည်တော်သာရပ်ကွက် သတ္တဌာနလမ်းဘေးဝဲယာရှိ သစ်ပင်ကြီးများ ပြိုလဲပိတ်ဆို့နေမှုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်းရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ နည်းပညာတက္ကသိုလ်(စစ်တွေ)တွင် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးစဉ်။

### နေ့စဉ်ဆောင်ရွက်

မုန်တိုင်းအဓိကဖြတ်သန်းဝင်ရောက်ပြီး ပျက်စီးမှုများပြားခဲ့သည့် စစ်တွေမြို့တွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်း ၃၃၀၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် ၁၀၁၁ ဦး၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင် ၃၇၈ ဦး၊ တပ်မတော်ကြည်းနှင့် ရေတို့မှ စစ်သည် ၄၆၉ ဦး စုစုပေါင်းအင်အား ၂၁၈၈ ဦးဖြင့် အပျက်အစီးများ ရှင်းလင်းရေးလုပ်ငန်းကို နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့သည် စစ်တွေမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ပင်မကျောင်းဆောင်နှင့် ဆက်စပ်အဆောက်အအုံများ ထိခိုက်ပျက်စီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် စစ်တွေမြို့ ဦးဥတ္တမခန်းမ ထိခိုက်ပျက်စီးမှုနှင့် ပန်းခြံအတွင်း သစ်ပင်ကြီးများ ပြိုလဲနေမှုအား မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းရှင်းလင်းနေမှုကို ကြည့်ရှုကာ လိုအပ်သည်များ မှာကြားပြီး စစ်တွေမြို့ပတ်လမ်းတစ်လျှောက် မုန်တိုင်းဒဏ်ကြောင့် လဲပြိုကျနေသော သစ်ပင်များနှင့် အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှု၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လျှပ်စစ်မီးတိုင်များနှင့် မီးကြိုးများ ပြန်လည်ပြုပြင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နည်းပညာတက္ကသိုလ် (စစ်တွေ) သို့ရောက်ရှိပြီး ပင်မသုံးထပ်ဆောင်နှင့် ဆက်စပ်အဆောက်အအုံများ ပျက်စီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုကာ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ နှုတ်ဆက်အားပေးစကား ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ သင်္ဘောကျင်းများသို့ သွားရောက်၍ သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ပြင်ဆင်ဆောင်ရွက်ရေး တာဝန်ရှိသူများအား မှာကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ စစ်တွေမြို့ ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား ဆေးဝါးနှင့်စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းစဉ်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် အားကစားနှင့် ကာယပညာသိပ္ပံ (စစ်တွေ)သို့ ရောက်ရှိပြီး အဆောက်အအုံများ ပျက်စီးမှုအခြေအနေနှင့် အပျက်အစီးများ ရှင်းလင်းနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံး စတင်ဆောင်ရွက်သွားရန်၊ အဆောက်အအုံများ ပြန်လည်ပြုပြင်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သဘာဝဘေးဒဏ်ခံနိုင်ရေးအတွက်ပါ ထည့်သွင်းတွက်ချက်ဆောင်ရွက်သွားရန်၊ စာပေသင်ကြားရေးလုပ်ငန်းများ သတ်မှတ်ချိန်တွင် ပုံမှန်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ဌာနခွဲရုံး သင်္ဘောကျင်းနှင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန စစ်တွေသင်္ဘောကျင်းတို့သို့ သွားရောက်ပြီး ရုံးအဆောက်အအုံများ၊ သင်္ဘောကျင်းနှင့် အလုပ်ရုံများ၊ သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော အဆောက်အအုံများ မိုးမကျမီ အမိုးအကာများ ပြုပြင်ခြင်းကို အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ သင်္ဘောကျင်း၌ ပျက်စီးသွားသည့် မြေထိန်းနံရံများ စနစ်တကျ ပြန်လည်ပြုပြင်တည်ဆောက်သွားရေး၊ ဌာနပိုင်သင်္ဘောများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး ပြင်ဆင်ဆောင်ရွက်ထားရေးတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့သည် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဘိုးဘွားရိပ်သာသို့ သွားရောက်၍ မုန်တိုင်းဒဏ်ကြောင့် ဘိုးဘွားအိပ်ဆောင်များ၊ ထမင်းစားဆောင်၊ ဓမ္မာရုံနှင့် ဆေးခန်းပျက်စီးမှုအခြေအနေများကို မေးမြန်းကြည့်ရှုပြီး ရခိုင်ပြည်နယ် ဘိုးဘွားရိပ်သာအသင်းဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြမှုအပေါ် ပြန်လည်ထူထောင်ရေးဆောင်ရွက်ရန် သွပ်ပြားနှင့် သစ်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ပေးအပ်လှူဒါန်း

ယင်းနောက် အဘိုးအဘွားများအတွက် ဆန်၊ ဆီနှင့် အလှူငွေကျပ် သိန်း ၄၀ ကို ဘိုးဘွားရိပ်သာအသင်းဥက္ကဋ္ဌထံ ထောက်ပံ့ပေးအပ်ပြီး ဆေးဝါးနှင့် စားသောက်ဖွယ်ရာများကို အဘိုးအဘွားများအား တစ်ဦးချင်းလက်ရောက် ပေးအပ်လှူဒါန်းသည်။

### အစည်းအဝေးတက်ရောက်

ထို့နောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့သည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ကော်မတီအလိုက် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ နောက်ဆုံးအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဒုတိယဝန်ကြီးများက လိုအပ်ချက်များကို အကြံပြုဖြည့်စွက်ဆွေးနွေးကြသည်။

*စာမျက်နှာ ၉ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ရခိုင်ပြည်နယ် သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်မှာကြားစဉ်။

*စာမျက်နှာ ၈ မှ*

တင်ပြချက်များအပေါ် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ဒေသအတွင်းရှိ စက်၊ ယာဉ်ယန္တရားများကို လိုအပ်သည့်နေရာများတွင် အပြည့်အဝထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရေး စီမံဆောင်ရွက်သွားရန်၊ စားရေရိက္ခာနှင့် ထောက်ပံ့ရေးပစ္စည်းများ ဆောလျင်စွာ ရောက်ရှိစေရေးနှင့် ဒေသခံပြည်သူလက်ဝယ်သို့ အမြန်ဆုံး ဖြန့်ခွဲရောက်ရှိစေရေး စီမံဆောင်ရွက်သွားရန်၊ လုပ်ငန်းကော်မတီအလိုက် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို လျင်လျင်မြန်မြန် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မုန်တိုင်းအလွန်ကာလ ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပေါက်တောမြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ နှစ်ဖွဲ့၊ ရသေ့တောင်မြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ နှစ်ဖွဲ့၊ ကျောက်တော်မြို့နယ်တွင် အထူးကုဆေးအဖွဲ့ တစ်ဖွဲ့၊ မင်းပြားမြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ တစ်ဖွဲ့နှင့် အထူးကုဆေးအဖွဲ့ တစ်ဖွဲ့၊ မောင်တောမြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ တစ်ဖွဲ့၊ ဘူးသီးတောင်မြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ တစ်ဖွဲ့နှင့် မြေပုံမြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ တစ်ဖွဲ့ စေလွှတ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရေကန်များ၌ ရေသန့်ဆေးခတ်ခြင်း၊ ကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက် ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခြင်း၊ ပြည်သူလူထု ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေးအတွက် ရေတွင်းရေကန်များအား ကလိုရင်းဆေးခတ်ပေးခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

**သက်သာသောဈေးနှုန်း ရောင်းချပေး**

ထို့ပြင် သဘာဝဘေးဒဏ်ခံခဲ့ရသည့် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စားသောက်ရေး အဆင်ပြေစေရန်နှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရန် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာများက စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွပ်ဘူးများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် စစ်တွေမြို့နယ်ရှိ ကံ့ကော်ကျွန်း-ဇော်မတက်-ချောင်းနွယ်လမ်း၊ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရုံးနှင့် သင်တန်းကျောင်းပြန်လည်ပြင်ဆင်နေမှု ကြည့်ရှုစစ်ဆေး

**စစ်တွေ မေ ၂၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် တာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့နယ်ရှိ ကံ့ကော်ကျွန်း-ဇော်မတက်-ချောင်းနွယ် ကျေးရွာချင်းဆက်လမ်း ၅/၇မိုင် လမ်းပေါ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ် ၂၆၀ ဒသမ ၉၄၈ သန်းဖြင့် ကွန်ကရစ်လမ်း တစ်မိုင် ဆောင်ရွက်ပြီးစီးမှု၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ခွင့်ပြုငွေကျပ် ၂၉၄ ဒသမ ၇၇၈ သန်းဖြင့် တည်ဆောက်ခဲ့သည့် ဇော်မတက်ချောင်းကူးတံတား ပေ ၁၅၀ ၏ ကြံ့ခိုင်မှုအခြေအနေများကိုလည်းကောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခွင့်ပြုငွေကျပ် ၃၀၇ ဒသမ ၈၇၅ သန်းဖြင့် ဆက်လက်အကောင်အထည်ဖော်မည့် ကွန်ကရစ်လမ်း အူကြောင်းအခြေအနေကိုလည်းကောင်း အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့ပြီး အဆိုပါလမ်းအား ၁၈ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် စနစ်တကျ ကွင်းဆင်းစိစစ်တွက်ချက်တင်ပြရန် တာဝန်ရှိသူများကို မှာကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နယ်စပ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဝန်ထမ်းအိမ်ရာနှင့် ရုံးသို့ရောက်ရှိခဲ့ပြီး မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဝန်ထမ်းအိမ်ရာများ၊ ရုံးအဆောက်အအုံများတွင် အပျက်အစီးများ ရှင်းလင်းဖယ်ရှားပြီးစီးမှုနှင့် ပြုပြင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။ (ဝဲပုံ) ထို့နောက် ဝန်ထမ်းများနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများ ပေးအပ် သည်။

ယင်းနောက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး သတ်မှတ်ကာလအတွင်း ကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် အိပ်ဆောင်များ၊ စားရိပ်သာများ၊ စာသင်ဆောင်များအား ရှင်းလင်းဆောင်ရွက်နေမှု၊ ပျက်စီးမှုများကို အမြန်ဆုံးပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေး၍ ဝန်ထမ်းများကို စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ရွှေဘိုမြို့ရှိ မြို့တော်ခန်းမ၌ အခြေပြု၍ မြို့ပေါ်ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ စုစုပေါင်း ၆၂၀ ဦးတို့ကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၆၅ ဦး၊ ခွဲစိတ်ရောဂါ ၈၁ ဦး၊ ကလေးရောဂါ ၃၅ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၇ ဦး၊ အရိုးရောဂါ ၈၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၄ ဦး၊ မျက်စိရောဂါ ၁၄၈ ဦးနှင့် သွားရောဂါ ၅၂ ဦး တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့အနက်မှ အထွေထွေခွဲစိတ်လူနာ ၁၆ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၈ ဦး၊ သွားနှုတ်/ဖာ/ဆေးထည့် လူနာ ၅၂ ဦးတို့ကို ရွေ့လျားခွဲစိတ်ယာဉ်ဖြင့် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၃၂ ဦး၊ Ultrasound ရိုက်လူနာ ၈၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၇၄ ဦး၊ ဓာတ်ခွဲစမ်းသပ်လူနာ ၉၁ ဦးတို့ကို ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်နှင့် ရွေ့လျားဓာတ်ခွဲခန်းယာဉ်တို့ဖြင့် ရောဂါရှာဖွေ စမ်းသပ်စစ်ဆေးပေးခြင်းများဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများအား အပူဒဏ်ကာကွယ်ရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအကြောင်း ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးရန် လိုအပ်သူ ဒေသခံပြည်သူ ၅၃၄ ဦးတို့ကို ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးပြီး နှာခေါင်းစည်းများ ပေးဝေခဲ့သည်။ ၎င်းအပြင် ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများအား တာဝန်ရှိသူများက နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးကြရာ ဆေးကုသရန်လာရောက်သူ စေတနာရှင်ပြည်သူများက ဆေးကုသရေးအဖွဲ့များအား စားသောက်ဖွယ်ရာများ ပြန်လည်လှူဒါန်းကြသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ရွှေဘိုတပ်နယ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

လူရှိသည်ဖြစ်စေ၊
မရှိသည်ဖြစ်စေ၊
ပန်ကာများကို
ဆက်တိုက်
ဖွင့်ထားခြင်းက
မီတာခ ပိုကျစေပါ၍
အသုံးလိုမှ ဖွင့်ပါ။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၁၈)ကြိမ်မြောက် အာရှမီဒီယာထိပ်သီးအစည်းအဝေးတက်ရောက်ရန် ထွက်ခွာ

**ရန်ကုန် မေ ၂၂**



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် အင်ဒိုနီးရှားနိုင်ငံ ဘာလီ၌ ကျင်းပမည့် (၁၈)ကြိမ်မြောက် အာရှမီဒီယာထိပ်သီး အစည်းအဝေး (18th Asia Media Summit) သို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(ယာပုံ)**

**နှစ်စဉ်ကျင်းပ**

အဆိုပါ အစည်းအဝေးကို UNESCO, ITU, UNDP တို့၏ ကြီးကြပ်ပံ့ပိုးမှုဖြင့် ၁၉၇၇ ခုနှစ်က စတင်တည်ထောင်ခဲ့သည့် နိုင်ငံတကာရုပ်သံနှင့် လုပ်ငန်းဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့အစည်းကြီးဖြစ်သော "အာရှ-ပစိဖိတ်ရုပ်သံ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း ( Asia– Pacific Institute For Broadcasting Development – AIBD ) က မျက်မှောက်ခေတ် နိုင်ငံတည်ဆောက်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ရုပ်သံမီဒီယာများ၏ အခန်းကဏ္ဍနှင့် စွမ်းဆောင်ရည်များ တိုးမြှင့်စေရေး၊ ပြည်တွင်းနှင့် ဒေသတွင်းရှိ ရုပ်သံလွှင့်မီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်း နိုင်ငံများအကြား ယဉ်ကျေးမှု အစဉ်အလာနှင့် ဓလေ့ထုံးစံများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ကျွမ်းကျင်မှုပိုင်းနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ စံသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရေး၊ ပြည်သူအကျိုးပြု ရုပ်သံလွှင့်မီဒီယာများ၏ အခန်းကဏ္ဍအား မြှင့်တင်ကာကွယ်ရေး၊ လူမှုကွန်ရက် မီဒီယာများအနေဖြင့် မီဒီယာရေရှည် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စနစ်တကျ အထောက်အကူပြု ပါဝင်လာနိုင်ရေး၊ နိုင်ငံတကာမှ ရေဒီယိုနှင့် ရုပ်မြင်သံကြားဌာနများနှင့် ရုပ်သံလွှင့်လုပ်ငန်း အဖွဲ့အစည်းများမှ ကျွမ်းကျင်သူများ၊ အရာရှိများ၊ မန်နေဂျာများနှင့် အာရှမီဒီယာထိပ်သီးဆွေးနွေးပွဲတွင် စုပေါင်းဆွေးနွေးအဖြေရှာရေး ရည်ရွယ်ချက်ဖြင့် နှစ်စဉ်စီစဉ်ကျင်းပလျက်ရှိရာ ယခုအစည်းအဝေးကို မေ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**လုပ်ငန်းစဉ်များဆွေးနွေး**

AIBDတွင် မြန်မာနိုင်ငံ အပါအဝင် တင်းပြည့်အဖွဲ့ဝင်ပေါင်း ၂၆ နိုင်ငံမှ MRTV အပါအဝင် ရုပ်သံလွှင့် အဖွဲ့အစည်း ၄၃ ဖွဲ့ရှိပြီး တွဲဖက်ရုပ်သံလွှင့် အဖွဲ့ဝင်ပေါင်း ၅၀ ရှိကြောင်း၊ စုစုပေါင်း နိုင်ငံနှင့် ဒေသပေါင်း ၄၆ ခုမှ ရုပ်သံလွှင့်အဖွဲ့အစည်းပေါင်း ၉၃ ခု အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိပြီး အာရှ-ပစိဖိတ်၊ ဥရောပ၊ အာဖရိက၊ အာရပ်နိုင်ငံများ၊ မြောက်အမေရိက နိုင်ငံများမှ ရုပ်သံလွှင့်အဖွဲ့အစည်းပေါင်း ၅၀ ကျော်ဖြင့် မိတ်ဖက်ဆက်ဆံရေး ထူထောင်ထားရှိကြောင်း၊ ယင်းအစည်းအဝေးတွင် AIBD ၏ တစ်နှစ်တာ Activites & Projects များကို သုံးသပ်ဆွေးနွေးခြင်း၊ အဖွဲ့ဝင်နိုင်ငံများအလိုက် အဆိုပါ မီဒီယာဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ လိုအပ်ချက်များကို တင်ပြဆွေးနွေးခြင်းနှင့် နောင်တစ်နှစ်တွင် ဆောင်ရွက်မည့် သင်တန်းနှင့် Projects များနှင့် လုပ်ငန်းစဉ်များကို ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ကြမည်ဖြစ်သည်။

ယင်းအစည်းအဝေးသို့ AIBD အဖွဲ့ဝင်နိုင်ငံများနှင့် ရုပ်သံလွှင့်အဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသူများအပြင် လေ့လာသူများလည်း တက်ရောက်ကြမည်ဖြစ်ပြီး နိုင်ငံအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မီဒီယာဆိုင်ရာ အကြီးအကဲများနှင့် CEO များ တက်ရောက်ကြမည်ဖြစ်ရာ မြန်မာနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာ၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးဟန်ဝင်းအောင်၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အဖွဲ့ဝင် ဦးအေးချမ်းတို့လည်း အစည်းအဝေး တက်ရောက်ရန် လိုက်ပါသွားကြသည်။ **သတင်းစဉ်**




# နယ်စပ်ရေးရာဝန်ကြီးဌာနရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများ၌ သင်တန်းဖွင့်ပွဲ / ဆင်းပွဲများကျင်းပ

**နေပြည်တော် မေ ၂၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း (လပွတ္တာ၊ ကျောက်ဖြူ)၌ ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်းများနှင့် အောင်ပန်း၌ အဆင့်မြင့်မွမ်းမံသင်တန်းဖွင့်ပွဲနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဆင်းပွဲများအား ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်းများ၌ ကျင်းပဆောင်ရွက်ခဲ့ရာ အောင်ပန်းမြို့ သင်တန်းကျောင်းတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ လပွတ္တာမြို့ သင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း **(အပေါ်ပုံ)**၊ ကျောက်ဖြူမြို့ သင်တန်းကျောင်းတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်တို့ အသီးသီး တက်ရောက်၍ သင်တန်းဖွင့်/ဆင်း အမှာစကား ပြောကြားသည်။

အဆိုပါ လပွတ္တာ၊ ကျောက်ဖြူ သင်တန်းကျောင်း နှစ်ကျောင်း၌ ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင် သင်တန်းတို့တွင် သင်တန်းသား စုစုပေါင်း ၁၀၀ ဖြင့် သင်တန်းကာလ ရက်သတ္တ ၂၂ ပတ်နှင့် အဆင့်မြင့်မွမ်းမံသင်တန်းတွင် Electronic Fuel Injection–EFI သင်တန်းသား ၁၅ ဦး၊ Pro–grammable Logic Controller–PLC သင်တန်းသား ၁၂ ဦး၊ Phone Advance သင်တန်းသား ရှစ်ဦး စုစုပေါင်း ၃၅ ဦးတို့ဖြင့် ရက်သတ္တ ၂၂ ပတ်ကြာ သင်ကြားဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ ထောက်ပံ့ပေးသွားမည်ဖြစ်ကာ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသား ၄၀ တို့အား သင်တန်းဆင်းအောင် လက်မှတ်များ၊ ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဆင်း ၄၀ အနက် ၂၅ ဦးအား တောင်ကြီး၊ ကလော၊ ညောင်ရွှေ၊ ချောင်းသာ၊ လောက်ကိုင်ဒေသများရှိ ဟိုတယ်များတွင် အလုပ်ခန့်အပ်ပေးနိုင်ခဲ့သည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများတွင်သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၂၇၇ ဦး သင်ကြားလေ့ကျင့် မွေးထုတ်ပေးခဲ့ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် စေတနာရှင်အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်း

နေပြည်တော် မေ ၂၂

**မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မြို့တော်ခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အလှူရှင်များက အလှူငွေကျပ် ၃၄၀၇၈၁၆၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အလားတူ ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရ အဖွဲ့မှ လှူဒါန်းသည့် ငါးပိ ပိဿာ ၁၀၀၀၊ ငါးနီတူခြောက် ပိဿာ ၁၀၀၀၊ အိုင်အိုဒင်းဆား ပိဿာ ၁၀၀၀၊ ခေါက်ဆွဲခြောက် ဖာ ၅၀၀၊ ကြက်ဥ/ ဘဲဥ အလုံး ၁၀၀၀၀၀ နှင့် အနောက်တောင်တိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ လှူဒါန်းသည့် ကြက်ဥအလုံး ၁၃၀၀၀၊ ဘဲဥ အလုံး ၁၀၀၀၀၊ ငါးနီတူခြောက် ပိဿာ ၂၀၀ တို့အား စုဖွဲ့ပြင်ဆင်ထားရှိမှုကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ အဆိုပါ ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် လှူဒါန်းသည့် ပစ္စည်းများအား တိုင်းစစ်ဌာနချုပ်မှ မော်တော်ယာဉ်များဖြင့် သယ်ဆောင်၍ ပုသိမ်မြို့မှ ရန်ကုန်မြို့ရှိ မင်္ဂလာဒုံ လေဆိပ်သို့ ပို့ဆောင်ကာ ၎င်းမှတစ်ဆင့် ရခိုင်ပြည်နယ်အတွင်းရှိ မုန်းတိုင်းဒဏ်သင့် ပြည်သူများသို့ ဆက်လက်ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တပ်နယ်များ၏ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် တပ်ရင်း / တပ်ဖွဲ့များကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း

**နေပြည်တော် မေ ၂၂**
ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် စစ်တွေလေဆိပ်သို့ ရောက်ရှိရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) သည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) ကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် မောင်တောမြို့နယ် အင်းဒင်ကျေးရွာအနီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နယ်မြေခံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲသို့ ရောက်ရှိပြီး မုန်တိုင်းဒဏ်သင့်၍ ပျက်စီးသွားသည့် အဆောက်အအုံများအား လိုက်လံကြည့်ရှုကာ အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် အဆိုပါ ရဲတပ်ဖွဲ့ခွဲရှိခန်းမ၌ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ တွေ့ဆုံပွဲသို့တက်ရောက်လာသည့် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အဖွဲ့သည် မောင်တောမြို့နယ် ကျီးကန်းပြင်ရှိ နယ်မြေခံ နယ်ခြားစောင့်ကွပ်ကဲမှုဌာနချုပ်သို့ ရောက်ရှိရာ ရဲကွပ်ကဲမှု အဖွဲ့မှူး ရဲမှူးချုပ် ထက်လွင်နှင့် တာဝန်ရှိသူများက ကြိုဆိုသည်။ ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အဖွဲ့သည် အဆိုပါရဲကွပ်ကဲမှုဌာနချုပ်အတွင်း၌ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားခဲ့သည့် အဆောက်အအုံများအား လိုက်လံကြည့်ရှု၍ အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး ကွပ်ကဲမှုဌာနချုပ်ရှိ နေမျိုးခန်းမ၌ တပ်ဖွဲ့ဝင်များနှင့် မိသားစုများအားတွေ့ဆုံ၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် တပ်ဖွဲ့ဝင်များနှင့် မိသားစုများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**ထောက်ပံ့ပေးအပ်**

ယင်းနောက် ဘူးသီးတောင်မြို့နယ် တောင်ဘဇာ နယ်မြေခံတပ်ရင်း၏ မုန်းတိုင်းသင့်၍ပျက်စီးခဲ့သော အဆောက်အအုံများအား လိုက်လံကြည့်ရှုပြီး ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေး လိုအပ်သည်များမှာကြားကာ တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအားပေးစကားပြောကြား၍ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်သည်။

ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အဖွဲ့သည် ဝါးခုတ်ချောင်းတပ်နယ်သို့ရောက်ရှိပြီး နယ်မြေခံတပ်ရင်းများ၏ မုန်တိုင်းဒဏ်သင့်၍ ပျက်စီးခဲ့သော အဆောက်အအုံများအား လိုက်လံကြည့်ရှုပြီး ဦးစားပေးအဆင့်အလိုက် ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေး မှာကြားသည်။ ယင်းနောက် တပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးသည်။ ထို့နောက်အခမ်းအနားသို့ တက်ရောက်လာသည့် အရာရှိ၊ စစ်သည်၊



မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် တပ်နယ်တပ်ရင်း၌ မွေးမြူထားသည့်ဥစားကြက်မွေးမြူရေးခြံသို့သွားရောက်ကြည့်ရှု၍ မုန်တိုင်းပြီးမွေးမြူထားသောကြက်များ၏ ဥနှုန်းများ သတ်မှတ်နှုန်းထား ပြန်လည်ပြည့်မီနိုင်ရေး လိုအပ်ချက်များကို ဆောင်ရွက်ရန် မှာကြားသည်။ ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် အဖွဲ့သည် ဘူးသီးတောင်တပ်နယ် နယ်မြေခံတပ်မတော် ဆေးရုံသို့ရောက်ရှိကာ ဆေးဝါးကုသမှုခံယူနေသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား အားပေးစကားပြောကြားပြီး **(အပေါ်ပုံ)** ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အဖွဲ့သည် တပ်နယ်အတွင်း မွေးမြူထားသည့် DYL အသားတိုးဝက်မွေးမြူရေးခြံအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)သည် ဘူးသီးတောင်တပ်နယ်ရှိ အစည်းအဝေးခန်းမ၌ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားခဲ့သော အဆောက်အအုံများ ပြန်လည်ပြုပြင်နိုင်ရေးနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြချက်များနှင့်ပတ်သက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)က ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သဘာဝလေဘေးတိုက်ခတ်မှုကြောင့် စစ်တွေတပ်နယ်ရှိ ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော စာသင်ကျောင်းများ၊ ဆေးရုံများ ပြန်လည်ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၂**
သဘာဝလေဘေး တိုက်ခတ်မှုကြောင့် စစ်တွေတပ်နယ်ရှိ ပျက်စီးမှုဖြစ်ပေါ်ခဲ့သော စာသင်ကျောင်းများ၊ ဆေးရုံများ ပြန်လည်ပြုပြင်ခြင်း ဆောင်ရွက်နေသည့် အခြေအနေများကို ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် အဆောက်အအုံများအား ရှင်းလင်းဖယ်ရှားခြင်း၊ ပြိုလဲနေသည့် သစ်ပင်ကြီးများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ စာသင်ခန်းများအား သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ဆေးရုံဝင်း အတွင်းနှင့် စာသင်ကျောင်း အတွင်း/အပြင် သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ဒုတိယ ဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး တို့က သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

◆ *ကျောဖုံးမှ*

အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိပြီး ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ် ချက် အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်း သဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါး ခုစီနှင့် နောက်ခြေသည်း လေး ခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့်ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက် ကိုက်ညီသော ဆင်ဖြူတော်လေး ဖြစ်သည်။

ဆင်ဖြူတော်လေးသည် ယခုအချိန်တွင် အသက် ၁၀လသား အရွယ်ဖြစ်ပြီး အရပ်အမြင့် ၃ ပေ ၇ လက်မ၊ ကိုယ်လုံးလုံးပတ် ၆ ပေ ၃ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၅၅၀ ရှိလာပြီဖြစ်ကာ ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် (နေပြည်တော်)ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ရှိနေကြောင်း၊ ဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက” မှာ ငယ်စဉ်ကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးစေရန်၊ ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် “Peace Human and Elephant Interaction Training” ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၂**
မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်နှင့် မကွေးမြို့နှင့် တောင်တွင်းကြီးမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၂ / ၂၀၂၃ )
၁၃၈၅ ခုနှစ် ၊ နယုန်လဆန်း ၄ ရက်
( ၂၀၂၃ ခုနှစ် ၊ မေလ ၂၂ ရက် )

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၄)ရပ်ကွက်၊ သုခနေလမ်း၊ ခြံအမှတ် (၄/၄၁၃) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)** ကို ၂၀၂၃ ခုနှစ်၊ မေလ ၂၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)** ၏ မှတ်ပုံတင်အမှတ်မှာ ( ၁၇ ) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကရင်ပြည်သူ့ပါတီ (KPP) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၃ / ၂၀၂၃ )
၁၃၈၅ ခုနှစ် ၊ နယုန်လဆန်း ၄ ရက်
( ၂၀၂၃ ခုနှစ် ၊ မေလ ၂၂ ရက် )

**ကရင်ပြည်သူ့ပါတီ (KPP) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ မရမ်းကုန်းရပ်ကွက်၊ ရွှေဒါးကုန်းလမ်း၊ အမှတ်(၂၈) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ကရင်ပြည်သူ့ပါတီ (KPP)** ကို ၂၀၂၃ ခုနှစ်၊ မေလ ၂၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ကရင်ပြည်သူ့ပါတီ (KPP)** ၏ မှတ်ပုံတင်အမှတ်မှာ ( ၁၈ ) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဝင်ရောက်တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်း၌ သေဆုံးသူ စုစုပေါင်းမှာ ၁၄၈ ဦးရှိပြီဖြစ်

**နေပြည်တော် မေ ၂၂**

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော အလွန့်အလွန်အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း “မိုခါ”(MOCHA) မေ ၁၄ ရက်တွင် တိုက်ခတ်မှုကြောင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပျက်စီးဆုံးရှုံးမှု စာရင်းများ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်လျက်ရှိသည်။

ထိုသို့ ထုတ်ပြန်လျက်ရှိရာ မေ ၁၇ ရက် မွန်းလွဲပိုင်းထိရရှိသော စာရင်းများအရ ရခိုင်ပြည်နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ၌ ဆိုင်ကလုန်းမုန်တိုင်း “မိုခါ”(MOCHA) တိုက်ခတ်မှုကြောင့် သေဆုံးသူ ၄၈ ဦး၊ မေ ၁၈ ရက် ညပိုင်းအထိ ရရှိလာသောစာရင်းများအရ ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်နှင့် မြေပုံမြို့နယ်တို့၌ ဒေသခံပြည်သူ ခြောက်ဦးနှင့် IDP Camp မှ ၉၁ ဦး စုစုပေါင်း ၉၇ ဦး ထပ်မံသေဆုံးခဲ့ကာ သေဆုံးသူ စုစုပေါင်း ၁၄၅ ဦး ရှိပြီဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ရာ မေ ၂၁ ရက် ညနေပိုင်းတွင် ထပ်မံရရှိသော စာရင်းများအရ ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင် မြို့နယ်တို့မှ ဒေသခံပြည်သူ သုံးဦး ထပ်မံသေဆုံးခဲ့ကြောင်း သိရသဖြင့် သေဆုံးသူ စုစုပေါင်းမှာ ၁၄၈ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည့်နေရာများ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အသင့်ပြင်ဆင်စုဖွဲ့ထားရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များက ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များနှင့်အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၂၂**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ကာ ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိပြီး ယနေ့တွင်လည်း ကချင်ပြည်နယ် ဗန်းမော်မြို့ရှိ တိမ်ကြားမင်းခေါင်ခန်းမ၌ ပြုလုပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက အမှာစကားများပြောကြားသည်။ ထို့နောက် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့မှ PDF အဖွဲ့ဝင် အမျိုးသား တစ်ဦးနှင့် ၎င်းမိသားစုဝင် နှစ်ဦးတို့က ၎င်းတို့နှင့်အတူ ပါရှိလာသော KA-22 တစ်လက်၊ ဘီအေ-၉၁ လက်ပစ်ဗုံး တစ်လုံး၊ အမ်ဂျီ-၁ လက်ပစ်ဗုံး တစ်လုံးနှင့် ခဲယမ်းများကို အပ်နှံကြရာ ဗန်းမော်တပ်နယ်မှ တာဝန်ရှိသူများက လက်ခံရယူကြပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင် တစ်ဦးနှင့် ၎င်းမိသားစုဝင် နှစ်ဦးတို့အား တာဝန်ရှိသူများက ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရေး သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းပါရှိလာသူများကို ဆုကြေးငွေများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနမှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ပြီး မုန်တိုင်းဒဏ်သင့်ဒေသများရှိ ပြည်သူများထံသို့ ဆက်လက်ပေးပို့နိုင်ရေး လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည်။

လာမည့်ရက်များတွင်လည်း အာဆီယံနိုင်ငံများ၏ သဘာဝဘေး ကူညီရေးပစ္စည်းများ ဆက်လက်ရောက်ရှိလာနိုင်ရန်ရှိပြီး ပထမအသုတ်နှင့် ယခုဒုတိယအသုတ်အပါအဝင် အကူအညီ စုစုပေါင်း၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၅ သန်းခန့်ရှိမည်ဟု သိရသည်။ အဆိုပါပစ္စည်းများကို အာဆီယံအရေးပေါ်ထောက်ပံ့မှုအစီအစဉ် (Disaster Emergency Logistics System)၏ မလေးရှားနိုင်ငံ ဆူဘန်းမြို့နှင့် ထိုင်းနိုင်ငံ ချိုင်နတ်မြို့တို့ရှိ ဂိုဒေါင်များမှတစ်ဆင့် ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှား တပ်မတော်လေယာဉ်များဖြင့် စုစုပေါင်း ၁၉ ခေါက်ခန့် ကူညီသယ်ယူ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

အာဆီယံ၏ One ASEAN, One Response မူအရ အာဆီယံနိုင်ငံများမှ မုန်တိုင်းဒဏ်သင့်ပြည်သူများထံ ပေးအပ်လှူဒါန်းထောက်ပံ့ခြင်းဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် ကယ်ဆယ်ရေးနှင့် အကူအညီများပံ့ပိုးရာတွင် ဘေးသင့်ပြည်သူ တစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေးမူကို လက်ကိုင်ထား၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၏ ကြီးကြပ်မှုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဝန်ကြီးဌာနအသီးသီးနှင့် အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး AHA Centre ၊ သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မှတ်သားဖွယ်ရာမိုးရေချိန်များ

နေပြည်တော် မေ ၂၂

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပေါင်မြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ကော့သောင်းမြို့တွင် ၀ ဒသမ ၆၇ လက်မ၊ ချောင်းဆုံမြို့တွင် ၀ ဒသမ ၅၉ လက်မ၊ လောင်းလုံးမြို့တွင် ၀ ဒသမ ၄၇ လက်မ၊ ကျိုက္ခမီမြို့တွင် ၀ ဒသမ ၄၃ လက်မနှင့် ဘီးလင်းမြို့တွင် ၀ ဒသမ ၂၀ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများ အဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာ ချက်များပါဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေး ထားပြီးဖြစ်သည်။

**စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်**

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထား ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေး သည် တာဝန်ရှိသူများ နှင့်အတူ ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှု ကြောင့် ထိခိုက်ပျက်စီးမှုများရှိသည့် စာသင်ကျောင်း များနှင့် ဘုန်းတော်ကြီးကျောင်းများ ပြန်လည် ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအား သွားရောက်လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ကုလား ဘာတောင်ရပ်ကွက်ရှိ သိမ်တောင်ကျောင်းတိုက်သို့ ရောက်ရှိကာ နယ်လှည့်ဆေးကုသခြင်းနှင့် မိုခါ မုန်တိုင်းလေပြင်းဒဏ်ခံစားခဲ့ရသော ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက် ပေးနေမှုကို ကြည့်ရှုစစ်ဆေး၍ ဆေးကုသမှု လာရောက်ခံယူနေကြသည့် ပြည်သူများကို အားပေး စကားများပြောကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

**လှူဖွယ်ပစ္စည်းများ ဆက်ကပ်**

အလားတူ မုန်တိုင်းဒဏ်ကြောင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဟားခါးမြို့သို့ ရောက်ရှိနေသော ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ အနောက် မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူး ချုပ် မျိုးထွဋ်လှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ သည် ယနေ့မွန်းလွဲပိုင်းတွင် ဟားခါးမြို့ပေါ်ရှိ ဇေတဝန်ဘုန်းတော်ကြီးကျောင်း၊ မြို့မဘုန်းတော်ကြီး ကျောင်း၊ သီလရှင်ကျောင်းနှင့် သာသနာ့ရက္ခိတ တပ်ဦးကျောင်းတို့၌ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းပြီး ကျန်းမာရေးနှင့် အခြားလိုအပ်ချက် များအပေါ်တွင် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**အားပေးစကားပြောကြား**

ထို့အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိ ရာ ယနေ့တွင် ရခိုင်ပြည်နယ် သံတွဲမြို့နယ်သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဗိုလ်ချုပ် စိုးနိုင်ဦး သည် တာဝန်ရှိသူများနှင့်အတူ သံတွဲမြို့နယ် ဆင်ခေါင်းကျေးရွာအုပ်စုရှိ လေဘေး သင့် အိမ်ထောင်စုများအား အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်ပြီး သာသနိက အဆောက်အဦများနှင့် စာသင်ကျောင်းများ ပျက်စီး ဆုံးရှုံးမှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပြီး လေဘေးသင့်ပြည်သူများအား တွေ့ဆုံ အားပေးစကား ပြောကြားခဲ့သည်။

အလားတူ သံတွဲမြို့နယ်ရှိ သာသနိကအဆောက် အဦများ ပျက်စီးခဲ့မှုများ၊ သောက်သုံးရေကန်များ သိုလှောင်ထားရှိမှုအခြေအနေများ၊ လူနေအဆောက် အဦများ ပျက်စီးဆုံးရှုံးခဲ့သည့်အခြေအနေများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ငပလီမြို့ ဂျိတ္တောရပ်ကွက် မဒေးတောင်ရှိ အလိုတော်ပြည့်ဘုန်းတော်ကြီး ကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



**လမ်းမီးတိုင်များ ပြန်လည်အသစ်တပ်ဆင်**

ထို့အတူ မြောက်ဦးမြို့နယ်အတွင်း ရောက်ရှိနေ သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ် သောင်းထိုက်ရွှေသည် တာဝန်ရှိသူများနှင့်အတူ မြောက်ဦးမြို့နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စာသင်ကျောင်းများသို့ သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးပြီး နန်းတော်ရာကုန်းဘေး လမ်းမီးတိုင်များ ကျိုးကျပျက်စီးမှုအခြေအနေနှင့် လမ်းမီးတိုင်များ ပြန်လည်အသစ်တပ်ဆင်မှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ မြောက်ဦးမြို့နယ် အတွင်း ကျိုးကျပျက်စီးသွားသော လမ်းမီးတိုင်များ ကို အမြန်ဆုံးပြန်လည်အသစ် တပ်ဆင်နိုင်ရေး တာဝန်ရှိသူများကို မှာကြားခဲ့သည်။

အလားတူ မြေပုံမြို့နယ်သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်မှူးချုပ် ကျော်ကျော်စိုးသည် တာဝန်ရှိသူများနှင့်အတူ မြို့ပေါ် ရပ်ကွက်များအတွင်း၌ လေဘေးခိုလှုံရာစခန်းဖွင့်လှစ် ခဲ့သော ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်များ လှူဒါန်းခြင်းနှင့် အခြေခံပညာအထက်တန်းကျောင်း (မြေပုံ) ၌ ကျောင်းဖွင့်ရာသီအချိန်မီ ကျောင်းဖွင့်လှစ်နိုင်ရေး အတွက် “ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းရေး” စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ခြင်းတို့ကို သွားရောက် ကြည့်ရှုသည်။

**စာသင်ကျောင်းများအား ကြည့်ရှု**

ထို့အတူ မာန်အောင်မြို့နယ်သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်မှူးချုပ် ကျော်ကျော်ဦးသည် တာဝန်ရှိသူများနှင့်အတူ မာန်အောင်မြို့နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သော စာသင်ကျောင်းများအား ကြည့်ရှု စစ်ဆေးပြီး ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော် ဆောင်များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ ကျောင်းများအား ကျောင်းဖွင့်အမီ အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရေး ညှိနှိုင်းဆွေးနွေးကြပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## နိုင်ငံတကာသတင်း

# ဂျပန်နိုင်ငံ၌ အလိုအလျောက်မောင်းနှင်နိုင်သော ယာဉ်များပြေးဆွဲ



**တိုကျို မေ ၂၂**

ဂျပန်နိုင်ငံအလယ်ပိုင်း မြို့တစ်မြို့ရှိ လမ်းပေါ်တွင် ရာနှုန်းပြည့် အလို အလျောက် မောင်းနှင်နိုင်သောယာဉ်များပြေးဆွဲမှု မြင်တွေ့လာရပြီ ဖြစ်သည်။ အဆိုပါမောင်းသူမဲ့ယာဉ်များသည် နိုင်ငံအတွင်းရှိ အများ ပြည်သူပိုင်လမ်းပေါ်တွင် ပြေးဆွဲခွင့်ရသည့် ပထမဆုံးယာဉ်များ ဖြစ်ကြောင်း သိရသည်။

ဧပြီလတွင် ပြန်လည်ပြင်ဆင်ခဲ့သော ဥပဒေတစ်ရပ်အရ အဆင့်- ၄ ဟုခေါ်သော မောင်းသူမဲ့ယာဉ်များသည် သတ်မှတ်ထားသည့် လမ်းကြောင်းများပေါ်တွင် ကန့်သတ်အမြန်နှုန်းဖြင့် ပြေးဆွဲနိုင်သည် ဟု ဆိုသည်။ ခရီးသည် ပို့ဆောင်ရေးဝန်ဆောင်မှုကို ဖူကူအိစီရင်စုတွင် စတင်ပြေးဆွဲခဲ့ပြီး စက်မှုဝန်ကြီး နိရှိမူရာ ယာဆူတိုရှိ လိုက်ပါစီးနင်း ခဲ့ကြောင်း သိရသည်။

မောင်းသူမဲ့ လျှပ်စစ်မော်တော်ယာဉ်များသည် အကြမ်းဖျင်းအား ဖြင့် နှစ်ကီလိုမီတာရှည်သော လမ်းပေါ်တွင် ၁၀ မိနစ်အတွင်း ပြဿနာ တစ်စုံတစ်ရာမရှိဘဲ မောင်းနှင်နိုင်သည်ဟု ဆိုသည်။ ယခင်က အဆင့်- ၃ ရှိ မောင်းသူမဲ့ယာဉ်များဖြင့် ဝန်ဆောင်မှုပေးခဲ့သည်။ အဆိုပါ ယာဉ် များသည် အရေးပေါ်အခြေအနေများတွင် လူများက ထိန်းချုပ်မောင်းနှင် နိုင်သည်ဟု ဆိုသည်။

ဂျပန်အစိုးရသည် ၂၀၂၅ ဘဏ္ဍာနှစ်နောက်ဆုံးထား၍ နေရာ ၅၀ ခန့်တွင် ရာနှုန်းပြည့်အလိုအလျောက် မောင်းနှင်နိုင်သော မောင်းသူမဲ့ မော်တော်ယာဉ်ဝန်ဆောင်မှု စတင်နိုင်ရန် မျှော်လင့်ထားသည်။

**အင်န်အိတ်ချ်ကေ**

# အွန်လိုင်းလူမှုကွန်ရက်စာမျက်နှာ၌ စက်ရုံတွင် အလုပ်သမားအပေါ် ဥပဒေချိုးဖောက်မှု ရှိသည်ဟူသော သတင်းဖော်ပြချက်နှင့် ပတ်သက်၍ သတင်းမှန်ထုတ်ပြန်ခြင်း

**နေပြည်တော် မေ ၂၂**

အွန်လိုင်းလူမှုကွန်ရက် စာမျက်နှာများ၌ စက်ရုံများတွင် အလုပ်သမားများအပေါ် ဥပဒေချိုးဖောက်မှုများရှိသည်ဟူသော သတင်းဖော်ပြမှုနှင့်ပတ်သက်ပြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနအနေဖြင့် အလုပ်သမားရေးရာ ပေါင်းစပ်အဖွဲ့ဖြင့်လည်းကောင်း၊ စည်းကြပ်ဥပဒေများဖြင့်လည်းကောင်း မှန်ကန်မှု ရှိ/ မရှိ စိစစ်၍ အလုပ်သမားများ ရပိုင်ခွင့်များရရှိအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

Myanmar Labour News ၏ ၄-၅-၂၀၂၃ ရက်စွဲပါ စာမျက်နှာ၌ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ စက်မှုဇုန် ကနောင်မင်းသားကြီးလမ်း အမှတ် (၁၈/ ၂၁၂) ရှိ ဒေါ်လွင်လွင်သန်း (မြန်မာနိုင်ငံသား) ပိုင် သမီးတော်စွမ်းအား အထည်ချုပ်စက်ရုံရှိ အလုပ်သမားများခွင့်ယူပါက ခွင့်ယူသည့်ရက်အတွက် လစာမဲ့ခွင့်အဖြစ်သတ်မှတ်ပြီး ရရှိသည့်လစာမှ ဖြတ်တောက်ခံနေရကြောင်း၊ အလုပ်ဝင်ချိန်ငါးမိနစ်စောဝင်ခိုင်းပြီး အလုပ်ဆင်းချိန် ၁၅ မိနစ်/ မိနစ် ၂၀ နောက်ကျပြီးမှ အမြဲအလုပ်ဆင်းနေရကြောင်း ဖော်ပြပါရှိပါသည်။

အဆိုပါသတင်းဖော်ပြချက်နှင့်ပတ်သက်၍ ၁၀-၅-၂၀၂၃ ရက်တွင် အလုပ်ရုံနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ခံအရာရှိများသည် စက်ရုံသို့ သွားရောက်၍ အလုပ်သမားရေးရာ ညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင်များ အလုပ်သမားကိုယ်စားလှယ် ၁၅ ဦး၊ HR မန်နေဂျာနှစ်ဦးတို့အား စစ်ဆေးမေးမြန်းခဲ့ရာ အောက်ပါအတိုင်း စစ်ဆေးတွေ့ရှိရပါသည်-

(က) အလုပ်သမားများ ခွင့်ယူပါက လစာမဲ့ခွင့်အဖြစ် သတ်မှတ်ခြင်းနှင့် ပတ်သက်၍ ခွင့်တိုင်ကြားရာတွင် တရားဝင်စာရွက်စာတမ်းဖြင့် တိုင်ကြားမှုမရှိခြင်း၊ နီးစပ်ရာ လုပ်ဖော်ကိုင်ဖက်များမှတစ်ဆင့် တိုင်ကြားခြင်း၊ တယ်လီဖုန်းဖြင့် ကိုယ်တိုင် တိုင်ကြားမှုမရှိခြင်း၊ ခွင့်လက်ကျန်မရှိခြင်းတို့ကြောင့် လစာမဲ့ခွင့်အဖြစ်သတ်မှတ်၍ လစာမှ ဖြတ်တောက်မှုရှိကြောင်း၊

( ခ ) စက်ရုံအတွင်းသို့ အလုပ်ချိန်မတိုင်မီ ငါးမိနစ်စောဝင်ရခြင်းနှင့် အလုပ်ဆင်းချိန် ၁၅ မိနစ်/ မိနစ် ၂၀ နောက်ကျဆင်းရခြင်းရှိကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ လုပ်ငန်းမစတင်မီ စက်သန့်ရှင်းရေးလုပ်ရခြင်းနှင့် လုပ်ငန်းပြီးဆုံးသည့်နောက်တွင် စက်သန့်ရှင်းရေးလုပ်ရခြင်း၊ အချို့သော ဝန်ထမ်းများသည် အထည်စံနှုန်း သတ်မှတ်ချက်ပြည့်မီရန် အလုပ်ဆင်းချိန်ကျော်လွန်သည်အထိ လုပ်ကိုင်ကြခြင်းတို့ကြောင့်ဖြစ်ကြောင်း၊

စစ်ဆေးတွေ့ရှိချက်များအပေါ် ၁၁-၅-၂၀၂၃ ရက်တွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ စည်းကြပ်သည့် ဥပဒေများအရ လိုက်နာဆောင်ရွက်ရန် အချက်များကို အောက်ပါအတိုင်း သတိပေးညွှန်ကြားခဲ့ပြီး ၁၉-၅-၂၀၂၃ ရက် အရောက် ပြန်လည်တင်ပြရန် ညွှန်ကြားခဲ့ပါသည်-

(က) ၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေ ပုဒ်မ ၆၂ အရ မည်သည့် အလုပ်သမားကိုမျှ အလုပ်ရုံ၌ မည်သည့်ရက်၌မဆို အလုပ်ချိန်နာရီပေါင်း ၈ နာရီထက်ပို၍ အလုပ်မလုပ်စေရ သို့မဟုတ် ခွင့်မပြုရ၊

(ခ) ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မ ၅၊ ပုဒ်မ ၆(၁) တို့အရ အလုပ်ရှင်သည် မိမိအလုပ်ကို တစ်ဆက်တည်း ၁၂ လပြည့်အောင် လုပ်ခဲ့သည့် အလုပ်သမားအသီးသီးအား သက်ဆိုင်ရာ ပျမ်းမျှအခကြေးငွေနှင့် ဖြစ်စေ၊ ပျမ်းမျှလစာငွေနှင့်ဖြစ်စေ လုပ်သက်ခွင့် ၁၀ ရက် ခံစားနိုင်စေရန်၊ ရှောင်တခင်ခွင့်ရက်ကို တစ်နှစ်လျှင် စုစုပေါင်း ခြောက်ရက်ကို ခွင့်ပြုပေးရန်၊ တစ်နှစ်လျှင် ရက်ပေါင်း ၃၀ ထက်မပိုသော ကာလအပိုင်းအခြားအတွက် ဆေးလက်မှတ်ခွင့်ရက်ကို ခံစားနိုင်စေရန် စီမံပေးရမည်။

သို့ဖြစ်ပါ၍ Myanmar Labour News တွင် ဖော်ပြပါရှိသော သမီးတော်စွမ်းအား အထည်ချုပ်စက်ရုံနှင့်ပတ်သက်၍ အလုပ်ဝင်ချိန် ငါးမိနစ်စောဝင်ရခြင်း၊ အလုပ်ဆင်းချိန် ၁၅ မိနစ်/ မိနစ် ၂၀ နောက်ကျဆင်းရခြင်းနှင့်စပ်လျဉ်း၍ ၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပထမအကြိမ် သတိပေးညွှန်ကြားထားပြီး လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေကို ပြန်လည်တင်ပြစေခြင်း၊ ဌာနမှပြန်လည်စိစစ်ခြင်းဖြင့် အလုပ်သမားများဥပဒေပါ ရပိုင်ခွင့်များ ပြည့်ဝစွာ ရရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# အွန်လိုင်းလူမှုကွန်ရက်စာမျက်နှာ၌ စက်ရုံတွင် အလုပ်သမားအပေါ် ဥပဒေချိုးဖောက်မှု ရှိသည်ဟူသော သတင်းဖော်ပြချက်နှင့် ပတ်သက်၍ သတင်းမှန်ထုတ်ပြန်ခြင်း

**နေပြည်တော် မေ ၂၂**

အွန်လိုင်းလူမှုကွန်ရက် စာမျက်နှာများ၌ စက်ရုံများတွင် အလုပ်သမားများအပေါ် ဥပဒေချိုးဖောက်မှုများရှိသည်ဟူသော သတင်းဖော်ပြမှုနှင့်ပတ်သက်ပြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနအနေဖြင့် အလုပ်သမားရေးရာ ပေါင်းစပ်အဖွဲ့ဖြင့်လည်းကောင်း၊ စည်းကြပ်ဥပဒေများဖြင့်လည်းကောင်း မှန်ကန်မှု ရှိ/ မရှိ စိစစ်၍ အလုပ်သမားများ ရပိုင်ခွင့်များရရှိအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

Myanmar Labour News ၏ ၄-၅-၂၀၂၃ ရက်စွဲပါ စာမျက်နှာ၌ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွှေပြည်သာစက်မှုဇုန် (၄) စက်ဆရာဦးထွန်းလမ်း အမှတ် (၉၀) ရှိ ဦးမြတ်ဆွေ (မြန်မာနိုင်ငံသား) ပိုင် Lucky Fortune Garment အထည်ချုပ်စက်ရုံရှိ အလုပ်သမားများအား လစာပေးချေရာတွင် ပွင့်လင်းမြင်သာမှုမရှိဘဲ လစာ အမှန်/ အမှားကို ပြောခွင့်မရှိကြောင်း၊ အလုပ်ချိန်မတိုင်ခင် ၁၅ မိနစ်စော၍ လုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်ရပြီး ဝင်ရောက်မလုပ်ကိုင်ပါက မခံမရပ်နိုင်အောင် ပြောဆိုခြင်း၊ အော်ဟစ်ခြင်းများရှိကြောင်း၊ ထမင်းစားချိန်အဖြစ် မိနစ် ၃၀ ရရှိသော်လည်း ၁၀ မိနစ်ဖြင့် ထမင်းအမြန်စားခိုင်းပြီး အထည်ချုပ်ခိုင်းကြောင်း၊ ၁၀ မိနစ်ဖြင့် ထမင်းစားမပြီးပါက စူပါ၊ အောစူပါများမှပြောဆိုခြင်း၊ အော်ဟစ်ခြင်း၊ ဆဲဆိုခြင်းများရှိခြင်းကြောင့် ထမင်းစားချိန် မိနစ် ၃၀ အပြည့်အဝ ရရှိလိုကြောင်း၊ အလုပ်သမားများ မချုပ်လုပ်နိုင်သော စံချိန်များကို တောင်းခံသဖြင့် ရေသောက်ချိန်၊ အပေါ့အပါးသွားချိန် မရရှိသည်အထိ ချုပ်လုပ်နေရပြီး စံချိန်မပြည့်ပါက ဆဲဆိုခြင်း၊ အော်ဟစ်ခြင်း၊ ရိုင်းစိုင်းစွာ ပြောဆိုခြင်းများရှိကြောင်း၊ ကိုယ်ဝန်ဆောင် အလုပ်သမားများကိုလည်း သက်ညှာစွာ ခိုင်းစေခြင်းမရှိဘဲ အခြားအလုပ်သမားများနှင့် တန်းတူအထည်များတောင်းခံခြင်း၊ ကိုယ်ဝန်ဆောင် အလုပ်သမားများမှာ ဖယ်ရီကားစီးရာတွင်လည်း အန္တရာယ်ကင်းစွာ စီးနိုင်ရန် ဆောင်ရွက်ပေးမှုမရှိကြောင်း၊ စက်ရုံတွင် သောက်ရေပြတ်တောက်ခြင်း၊ ရေမသန့်ခြင်းများရှိကြောင်း၊ လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိပါက ဆေးခန်းတွင် မည်သည့်ဆေးမျှမရှိဘဲ အလုပ်သမားများမှာ မိမိတို့ ပိုက်ဆံစိုက်၍ ဝယ်သုံးရကြောင်း၊ ဆေးခန်းတွင် ဥပဒေနှင့်အညီ ဆေးများ စီစဉ်ဆောင်ရွက်ပေးစေလိုကြောင်း၊ ဥပဒေပါ ခွင့်ခံစားခွင့်များ မရရှိကြောင်း၊ ခွင့်တိုင်ကြားသော်လည်း ခွင့်မပေးဘဲ ဒေးကြေး ကျပ် ၅၂၀၀၊ ရက်မှန်ကြေး ကျပ် ၁၀၀၀၀၊ စုစုပေါင်း ကျပ် ၁၅၂၀၀ ဖြတ်တောက်ခံရသဖြင့် ဥပဒေပါ ခွင့်ခံစားခွင့်များ ရရှိလိုကြောင်း၊ အချိန်ပိုလုပ်ကိုင်ရာတွင်လည်း အလုပ်သမားများ၏ သဘောဆန္ဒကို မေးမြန်းခြင်းမရှိဘဲ အလုပ်ရှင်နှင့် WCC တို့မှ ပူးပေါင်းလုပ်ဆောင်ပြီး အလုပ်သမားများ မသိအောင် လက်မှတ်ရေးထိုး၍ အချိန်ပိုခွင့်ပြုမိန့်ရရန် လုပ်ဆောင်လျက်ရှိကြောင်း ဖော်ပြပါရှိပါသည်။

အဆိုပါ သတင်းဖော်ပြချက်နှင့်ပတ်သက်၍ ၁၁-၅-၂၀၂၃ ရက်တွင် အလုပ်ရုံနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ခံအရာရှိများသည် စက်ရုံသို့ သွားရောက်၍ စက်ရုံမှူး၊ မန်နေဂျာ၊ HR မန်နေဂျာ၊ WCC အဖွဲ့ဝင် အလုပ်သမား ကိုယ်စားလှယ်များ၊ ကိုယ်ဝန်ဆောင်အလုပ်သမားများနှင့် အခြားအလုပ်သမားများ၊ စုစုပေါင်း ၂၁ ဦးတို့အား စစ်ဆေးမေးမြန်းခဲ့ရာ အောက်ပါအတိုင်း စစ်ဆေးတွေ့ရှိရပါသည်-

(က) အလုပ်သမားများ၏ လုပ်ခလစာကို လကုန်ပြီး လဆန်း ၅ ရက်နေ့တွင် ရှင်းလင်းပေးချေပြီး လစာကို ပြည့်ဝမှန်ကန်စွာ ရရှိပါကြောင်း၊

(ခ) အလုပ်စချိန်မှာ ၀၈:၀၀ နာရီဖြစ်ပြီး အလုပ်စတင်ချိန် မတိုင်မီ ၀၇:၄၅ နာရီမှစ၍ အထည်ချုပ်ခိုင်းခြင်း မရှိကြောင်း၊

(ဂ) စက်ရုံမှတောင်းခံသည့်စံချိန်မှာ ချုပ်လုပ်နိုင်သည့် စံချိန်ဖြစ်ပါကြောင်းနှင့် စံချိန်တောင်းခံရာတွင် မခံမရပ်နိုင်အောင် ပြောဆိုခြင်းမရှိပါကြောင်း၊

(ဃ) ကိုယ်ဝန်ဆောင်အမျိုးသမီးများ မချုပ်လုပ်နိုင်သော စံချိန်တောင်းခံခြင်း မရှိပါကြောင်းနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများ ဖယ်ရီကားစီးရာတွင် အဆင်ပြေမှုရှိရန် နေရာ စီစဉ်ပေးထားပါကြောင်း၊

(င) စက်ရုံအလုပ်သမားများအတွက် သောက်ရေပြတ်တောက်ခြင်းနှင့် ရေမကောင်းခြင်း မရှိပါကြောင်း၊

(စ) လုပ်ငန်းခွင်အတွင်း ထိခိုက်မှုရှိပါက ကုသပေးနိုင်ရန် စက်ရုံတွင် ဆေးခန်းတစ်ခန်းထားရှိပြီး သူနာပြုသင်တန်းဆင်းလက်မှတ်ရ ဆရာမဒေါ်နန်းကလျာလှိုင်အား ခန့်အပ်ထားရှိပါကြောင်းနှင့် သူနာပြုဆေးပစ္စည်းများ ပါဝင်သော သူနာပြုဆေးသေတ္တာ ၂၇ လုံး စီစဉ်ထားရှိပါကြောင်း၊

(ဆ) ခွင့်မတိုင်ဘဲ ခွင့်မဲ့ပျက်ကွက်ပါက ဒေးကြေး ကျပ် ၅၂၀၀၊ ရက်မှန်ကြေး ကျပ် ၁၀၀၀၀၊ စုစုပေါင်း ကျပ် ၁၅၂၀၀ ဖြတ်တောက်ခြင်းခံရပါကြောင်း၊

(ဇ) အချိန်ပိုလုပ်ကိုင်ရာတွင်လည်း အလုပ်သမားများ သဘောဆန္ဒနှင့်အညီ လက်မှတ်ထိုး၍ လုပ်ကိုင်ရပြီး WCC အလုပ်သမားကိုယ်စားလှယ်များ ခန့်အပ်ရာတွင် အလုပ်သမားများ၏ သဘောဆန္ဒအရ ရွေးချယ်ပါကြောင်းနှင့် WCC အဖွဲ့ဝင်များ သိရှိပါကြောင်း။

သို့ဖြစ်ပါ၍ Myanmar Labour News တွင် ဖော်ပြပါရှိသော Lucky Fortune Garment အထည်ချုပ်စက်ရုံနှင့် ပတ်သက်သည့် သတင်းဖော်ပြထားမှုအပေါ် မှန်ကန်မှု ရှိ/မရှိ အလုပ်ရှင်နှင့် အလုပ်သမားတို့အား စစ်ဆေးမေးမြန်းမှုအရ မှန်ကန်မှုမရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

**အိမ်မြင်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ပုဏ္ဏားကျွန်းမြို့နယ်၌ မုန်တိုင်းကြောင့်ပျက်စီးသည့် စာသင်ကျောင်းများ ကျောင်းဖွင့်ရက်အမီ ဖွင့်လှစ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**ပုဏ္ဏားကျွန်း မေ ၂၂**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်း မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုများကို ပြန်လည်ထူထောင်ရေးအတွက် ပုဏ္ဏားကျွန်းမြို့နယ်ဒေသကို ကြီးကြပ်နိုင်ရန် တာဝန်ပေးထားသည့် ဗိုလ်မှူးချုပ်ဝင်းမောင်သည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ ပုဏ္ဏားကျွန်းမြို့ပေါ်ရှိ စာသင်ကျောင်းများကို မေ ၂၂ ရက်က ကွင်းဆင်းစစ်ဆေးသည်။

**ကွင်းဆင်းစစ်ဆေး**

ကွင်းဆင်းစစ်ဆေးရာတွင် ဗိုလ်မှူးချုပ်ဝင်းမောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်စံဝင်းနှင့်အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိများနှင့် တာဝန်ရှိသူများက ပုဏ္ဏားကျွန်းမြို့ပေါ်မှ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပုဏ္ဏားကျွန်း(အ.ထ.က)၊ အ.ထ.က(ခွဲ)မြို့မ၊ အ.ထ.က(ကွန်းတောင်)၊ မူ/လွန်(မြို့သစ်)၊ မူ/လွန်(ရွာဟောင်း) စသည့် စာသင်ကျောင်းများသို့ ကွင်းဆင်းစစ်ဆေးခဲ့ပြီး ကျောင်းဖွင့်ရက်အမီ ကျောင်းများဖွင့်လှစ်နိုင်ရန် အမြန်ဆုံးပြုပြင်နိုင်ရေးအတွက် မြို့နယ်ပညာရေးမှူး ဦးကျော်ဟန်နှင့် ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်အား တွေ့ဆုံ၍ပေါင်းစပ်ညှိနှိုင်းပေးသည်။

**ကျောင်းပေါင်း ၁၉၉ ကျောင်း ထိခိုက်ပျက်စီး**

ပုဏ္ဏားကျွန်းမြို့နယ်၌ မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် မြို့နယ်ပညာရေးမှူးရုံးအပါအဝင် အခြေခံပညာကျောင်းပေါင်း ၁၉၉ ကျောင်း၌ ထိခိုက်ပျက်စီးမှုများ ရှိခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

နီထွန်းအောင်(ပြန်/ဆက်)



# အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပို့ဆောင်

**နေပြည်တော် မေ ၂၂**

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန် တပ်မတော်(ရေ)မှ ၂၉ မီတာ ကမ်းထိုးရေယာဉ် ပထမအစင်းသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဝန်ထမ်း ခုနစ်ဦး၊ ရေသန့်စက်ကားတစ်စီး၊ ဘားအံမြို့နယ်မြေခံတပ်မဌာနချုပ်မှ အဝတ်အထည် အထုပ်ကြီး ကိုးထုပ် စုစုပေါင်းကုန်တန်ချိန် ၁၂ တန်တို့ကိုလည်းကောင်း၊ ၂၉ မီတာ ကမ်းထိုးရေယာဉ် ဒုတိယမြောက်အစင်းသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ ဝန်ထမ်း သုံးဦး၊ ရေသန့်စက်ကားတစ်စီး၊ နယ်မြေခံတပ်မဌာနချုပ်မှ အဝတ်အထည် အထုပ်ကြီး နှစ်ထုပ် စုစုပေါင်းကုန်တန်ချိန် ၉ တန်



တို့ကို လည်းကောင်း၊ ရေချမ်းပြင်ကမ်းထိုးရပ်၌ တင်ဆောင်၍ ယနေ့နံနက်ပိုင်းတွင် ရသေ့တောင် ကမ်းထိုးရပ်သို့ ပို့ဆောင်ပေးခဲ့ပြီးနောက် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထပ်မံသယ်ဆောင်ပေးရန်အတွက် ရေချမ်းပြင်၌ ပြန်လည်အခြေပြုခဲ့သည်။

ထို့ပြင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ သဲတန်းကျေးရွာအုပ်စု သဲတန်းရွာ၊ ကုန်းဘောင်ရွာ၊ တန်းခရိုးရွာ၊ လက်ညှိုးငုံရွာများရှိ အိမ်ခြေ ၂၀၆ အိမ်၊ လူဦးရေ ၉၆၅ ဦးနှင့် ဘုန်းတော်ကြီးကျောင်းတို့အတွက် ၂၉ မီတာ ကမ်းထိုးရေယာဉ် တတိယမြောက်အစင်းသည် တပ်မတော်(ရေ)မှ ဆန်၊ ပဲ၊ ခေါက်ဆွဲခြောက်၊ ရွှေဖီဦး၊ နို့ဆီစသည့် စားသောက်ဖွယ်ရာများကို တင်ဆောင်၍ သွားရောက်လှူဒါန်းခဲ့သည်။

အလားတူ ကမ်းထိုးရေယာဉ်တစ်စင်းသည် မြန်မာ့သစ်လုပ်ငန်း(ရခိုင်ပြည်နယ်) သံတွဲသစ်ထုတ်ရေးဒေသ တောင်ကုတ်နယ် ထန်းတောင်ကွင်း သစ်ဆိပ်မှ ကညင်ခွဲသား အချောင်း ၉၆၀၊ စံကားဝါခွဲသား ၆၇ ချောင်း စုစုပေါင်း ကုန်တန်ချိန် ၁၁၄ ဒသမ ၆၀၂ တန်တို့အား တောင်ကုတ်ကမ်းထိုးရပ်၌ တင်ဆောင်၍ ယနေ့နံနက်ပိုင်းတွင် စစ်တွေ မြို့သို့ ထွက်ခွာသွားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အလွန့်အလွန်အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် မေ ၂၂**

တပ်မတော်အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်းမိုခါ(MOCHA)တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ဒေသများသို့ ကူညီကယ်ဆယ်ရေးဖွဲ့များအား စုဖွဲ့စေလွှတ်၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကိုလည်း တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ ရေယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

**ပို့ဆောင်ပေး**

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ



မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ပို့ဆောင်ပေးရန် သယ်ယူစဉ်။

ယနေ့တွင် တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများက လှူဒါန်းသည့် အသားတုအိတ်များ၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ကြာဆံထုပ်များ၊ ငရုတ်သီးခြောက်ထုပ်များ၊ ဆန်အိတ်များ၊ ငါးပိများ နှင့် စွပ်ကျယ်အင်္ကျီများကို တင်ဆောင်၍ နေပြည်တော်လေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်ဖြင့် တစ်ကြိမ် ပို့ဆောင်ပေးခဲ့သည်။

အလားတူ ယနေ့တွင်လည်း သဘာဝဘေးဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်ပေးကြမည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်းမှ အသင်းသားများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ သက်ဆိုင်ရာဌာနအသီးသီးနှင့် စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် Shetter Repair Kit များ၊ အိမ်ဆောက်သံများ၊ လျှပ်စစ်မီးကြိုးများ၊ တာပေါ်လင်စများ၊ ကြက်ဥများ၊ အိမ်သာခွက်များ၊ အိမ်သာပိုက်များ၊ ဆန်အိတ်များ၊ ဂျယ်လီတန်ဖာများ၊ ငါးများ၊ စားသုံးဆီများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ သွားတိုက်ဆေးများ၊ သွားတိုက်တံများ၊ အဝတ်အထည်များ၊ ယာယီတဲများ၊ စားပွဲခုံများ၊ ထိုင်ခုံများ၊ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် လက်ဖက်ရည်ထုပ်များ၊ အချိုရည်ဘူးများ၊ စည်သွတ်ဘူးများကို တင်ဆောင်၍ ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်များဖြင့် ခုနစ်ကြိမ် ပို့ဆောင်ပေးခဲ့သည်။

**ဆက်လက်ဖြန့်ဝေသွားမည်**

အဆိုပါ တပ်မတော်လေယာဉ်များဖြင့် ရောက်ရှိလာသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက် ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဗိုလ်မှူးချုပ် ခင်ဇော်နှင့် တာဝန်ရှိသူများ မင်းပြားမြို့နယ်အတွင်း ကျောင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ရေသန့်ဖြန့်ဝေပေးမှုကြည့်ရှု

**မင်းပြား မေ ၂၂**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့၌ မိုခါ မုန်တိုင်းဘေးကြောင့် လေဘေးသင့် ပျက်စီးဆုံးရှုံးခဲ့သော ရပ်ကွက်၊ ကျေးရွာများတွင် ပြန်လည်ထူထောင်ရေး ကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးအတွက် မင်းပြားမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ခင်ဇော်သည် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးစိုးမိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်က မြေပြင်ကွင်းဆင်း ကြည့်ရှုသည်။

အဆိုပါ ပြန်လည်ထူထောင်ရေးဆောင်ရွက်နိုင်ရေးအတွက် ရောက်ရှိနေသော ဗိုလ်မှူးချုပ် ခင်ဇော်သည် တာဝန်ရှိသူများနှင့်အတူ မိုခါမုန်တိုင်းကြောင့် လေဘေးသင့်ပြီး ပျက်စီးဆုံးရှုံးခဲ့သော မင်းပြားမြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းအတွင်း နယ်မြေခံတပ်မှ တပ်မတော်သားများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၏ သန့်ရှင်းရေးဆောင်ရွက်နေမှုများ၊ စာသင်ခန်းများ၏ မျက်နှာကြက်နှင့် ခေါင်မိုးလန် ပျက်စီးနေမှုကို လှည့်လည်ကြည့်ရှုခဲ့ပြီး ကျောင်းဖွင့်ကာလအတွင်း ကျောင်းများအချိန်မီဖွင့်လှစ်နိုင်ရေး အမြန်ဆုံး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုခါမုန်တိုင်းကြောင့် သောက်သုံးရေ ခက်ခဲနေသည့် ပြည်သူများအား သန့်ရှင်းသော သောက်သုံးရေရရှိနိုင်ရန် ပြည်တော်သာရပ်ကွက်ရှိ ရေနောက်ကန်မှ ရေကို ရေသန့်စင်ကားဖြင့် သောက်သုံးရေသန့် ဖြန့်ဝေပေးနေမှုအား ကြည့်ရှုကာ ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။ ဆက်လက်၍ ဦးဥတ္တမပန်းခြံကို သန့်ရှင်း သာယာလှပရေး ဆောင်ရွက်နေသည့် နယ်မြေခံတပ်မတော်သားများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



**သောင်းရွှေ(ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၂**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့်ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိ အခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အဆိုပါမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး စံပြရပ်ကွက်ရှိ လေဘေးသင့်ပြည်သူများအား ချက်ပြုတ်စားသောက်ရာတွင် အဆင်ပြေစေရန် သောက်သုံးရေသန့်များ ဖြန့်ဝေပေးလျက်ရှိသည်။

အလားတူ ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကျောက်ဖြူမြို့ လေပွေ့ရပ်ကွက်ရှိ မုန်တိုင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးသွားသော အခြေခံပညာအလယ်တန်းကျောင်းအား သွပ်များ ပြန်လည်ပြုပြင် တည်ဆောက်ပေးခြင်းနှင့် ကုလားဘာတောင်ရပ်ကွက်ရှိ လေဘေးသင့်ပြည်သူများအား လိုအပ်သော ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းနှင့် နယ်လှည့်ဆေးကုသရေးအဖွဲ့ကလည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။

ထို့ပြင် ကျောက်တော်နှင့် မြောက်ဦးမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည်လည်း မြောက်ဦးမြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံ၌ လိုအပ်သော သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများအား နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့နောက် မြောက်ဦးမြို့ရှိလင်ကာရကျောင်းတိုက်သို့ ဆန်အိတ်များနှင့် ဆီများ လှူဒါန်းခဲ့သည်။ ထိုသို့ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

ရသေ့တောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် လေဘေးသင့်ပြည်သူများအား သောက်သုံးရေ အဆင်ပြေစေရန် ရေဖြန့်ဝေခြင်းများ ဆောင်ရွက်ပေးပြီး အနုမော်ကုန်းတန်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ဘုန်းတော်ကြီးကျောင်းတို့၌ လဲကျနေသော သစ်ပင်ကြီးများ၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးများ ဆောင်ရွက်ပေးလျက်ရှိပြီး ရသေ့တောင်မြို့ရှိ ဓမ္မဝိဇယကျောင်းတော်၊ အောင်မြေဗောဓိရိပ်သာအလိုတော်ပြည့်ကျောင်း၊ သာသနစောတိပါလကျောင်း၊ တောင်လှမော်ကျောင်းတိုက်နှင့် ပညာဒီပ ပရဟိတကျောင်းတိုက်တို့တွင် ဆန်အိတ်များ လှူဒါန်းခဲ့သည်။ ထို့ပြင် နယ်လှည့်ဆေးကုသရေးအဖွဲ့ကလည်း လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

မောင်တောမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေး အဖွဲ့များသည် အင်ဒင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် လေဘေးသင့်ပြည်သူများအား သောက်သုံးရေ ဖြန့်ဝေခြင်းများ ဆောင်ရွက်ပေးပြီး နယ်လှည့်ဆေးကုသရေးအဖွဲ့ကလည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေး အဖွဲ့များနှင့် ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် လိုအပ်သောပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်ရှိသည့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေး ယာဉ်အုပ်စုများ အနေဖြင့်လည်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်လာပါက အမြန်ဆုံး သွားရောက်နိုင်ရေး ပြင်ဆင်စုဖွဲ့ထားလျက်ရှိသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ဆေးဝန်ထမ်းတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်၌ ယာယီဆေးရုံ ဖွင့်လှစ်၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းကာ ဒေသခံပြည်သူများအား ငှက်ဖျားပိုး၊ ဝမ်းပျက်ဝမ်းလျှောပိုးများ စစ်ဆေးပေးခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

**နေပြည်တော် မေ ၂၂**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ် ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင် စစ်တွေမြို့၊ ဦးဥတ္တမပန်းခြံ၌ ဟင်းသီးဟင်းရွက်များ၊ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူခဲ့ကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ



မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ ပို့ကုန်တင်ပို့မှုအနေဖြင့် ၁၇-၅-၂၀၂၃ ရက်မှ ၂၀-၅-၂၀၂၃ ရက်ထိ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် CMP ပစ္စည်းများ တင်ပို့မှုရှိသည်။

လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့မှုမှာ ငရုတ်၊ ပီလောပီနံ၊ ကြက်သွန်နီ၊ မန်ကျည်းသီး (အစေ့ပါ)၊ ပြောင်း၊ နှမ်း၊ ဆီးဖြူသီး၊ ဂေါ်ဖီထုပ်၊ နွယ်ချိုအမြစ်၊ မန်ကျည်းသီး၊ မတ်ပဲ၊ Cissus Dry Plant ၊ မိဿလင်နှင့် နနွင်းတို့ဖြစ်သည်။ ရေထွက်ကုန်ပစ္စည်းများမှာ ခုံး၊ ခရု၊ ပုစွန်၊ ငါးမြွေထိုး၊ ငါးခွေးလျှာ၊ ငါးခားလွယ်၊ ပုစွန်ခြောက် (အကျိုး/အကြေ)၊ ဝသုံးလုံးကဏန်းနှင့် ငါးကွမ်းရှပ်၊ ငါးဆားနယ်တို့ဖြစ်ပြီး CMP တင်ပို့မှုအနေဖြင့် အမျိုးသားနှင့် အမျိုးသမီးဝတ် အထည်အလိပ်များ တင်ပို့လျက်ရှိသည်။

အများဆုံးပို့ကုန်ပစ္စည်းများ တင်ပို့မှုအနေဖြင့် ပြောင်း၊ ငရုတ်၊ ကြက်သွန်နီ၊ မန်ကျည်းသီး (အစေ့ပါ)၊ ပီလောပီနံ၊ CMP ၊ ရေထွက်ပစ္စည်း၊ နှမ်း၊ နွယ်ချိုအမြစ်၊ ဆန်မှုန့်၊ ဂေါ်ဖီထုပ်၊ ဆီးဖြူသီး၊ မန်ကျည်းသီး၊ မတ်ပဲ၊ နနွင်းနှင့် အခြားပစ္စည်းတို့ဖြစ်သည်။ ယခုအခါ ထိုင်းနိုင်ငံမှ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ခြင်းကြောင့် စားသောက်ကုန် လုပ်ငန်းများတွင်ကျယ်စွာ ဆောင်ရွက်လာခြင်းနှင့် စားသောက်ဆိုင်များတွင် အသုံးပြုရန် လိုအပ်ချက်ကြောင့် ဝယ်လိုအား မြင့်တက်နေ၍ ယခင်နှစ်ကထက် ပိုမိုတင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။

ပုပ်သိုး ပျက်စီးလွယ်သည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်းပို့ကုန်များဖြစ်သည့် ကြက်သွန်နီ၊ ဂေါ်ဖီထုပ်နှင့် ငရုတ်များကို အမြန်တင်ပို့နိုင်ရေးအတွက် ကုန်သွယ်ရေးဇုန်မှ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

သွင်းကုန် တင်သွင်းမှုအနေဖြင့် တိရစ္ဆာန်အစာ၊ စက်ဘီး၊ စာရေးကိရိယာ၊ ကားအပိုပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ အလှကုန်ပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဓာတ်မြေဩဇာ၊ ငါးဖမ်းကိရိယာ၊ စားသောက်ကုန်၊ ဖိနပ်နှင့် ဖိနပ်ကုန်ကြမ်းပစ္စည်း၊ သစ်သီး၊ Garment၊ အိမ်သုံးပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ စက်နှင့်စက်ပစ္စည်း ကိရိယာများ၊ ဆေးနှင့်ဆေးပစ္စည်း၊ Packing Material ၊ အိမ်သုတ်ဆေး၊ လူသုံးကုန်ပစ္စည်း၊ ကုန်ကြမ်းပစ္စည်း၊ အားကစားပစ္စည်း၊ ယန္တရားအပိုပစ္စည်း၊ တိရစ္ဆာန် (အရှင်/ဘဲသားပေါက်)နှင့် စက်ဆီ/ ချောဆီတို့ တင်သွင်းလျက်ရှိသည်။ အများဆုံးသွင်းကုန်ပစ္စည်းများမှာ စားသောက်ကုန်၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်း၊ Garment ၊ စက်ဆီ/ချောဆီ၊ ယန္တရားအပိုပစ္စည်း၊ သစ်သီး၊ ဓာတ်မြေဩဇာ၊ ဆေး၊ ဆေးပစ္စည်းနှင့် အခြားပစ္စည်းတို့ဖြစ်သည်။

ငွေဈေးနှုန်းအနေဖြင့် ယခင်အပတ်က တစ်ဘတ်လျှင် ၈၅ ဒသမ ၁၀ ကျပ်ရှိပြီး ယခုအပတ်တွင် ၈၄ ဒသမ ၇၄ ကျပ် သာရှိ၍ ဘတ်ဈေး အနည်းငယ်ပြန်ကျလာလျက်ရှိပြီး ကုန်ပစ္စည်းများကို ယခုအခါ ပိုမိုတင်သွင်းလျက်ရှိကြောင်း သိရှိရသည်။

## မြိတ်ဒေသတွင် ကုန်သွယ်မှုလုပ်ငန်းများကောင်းမွန်

မြိတ်ဒေသမှ ထိုင်းနိုင်ငံသို့ မေ ၁၆ ရက်မှ ၂၂ ရက်အတွင်း အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံ လက်မှတ် Form E အကျိုးခံစားခွင့်ဖြင့် ထိုင်းနိုင်ငံသို့ ကားလမ်းကြောင်း ပရာကျွတ်ကရီခမ်မှတစ်ဆင့် မလေးရှားနိုင်ငံသို့ ယခုအပတ်တွင် ငါးမှုန့် ၄၅၀ ဒသမ ၀၀ တန်၊ စုစုပေါင်းဒေါ်လာသန်း ၀ ဒသမ ၄၀၅ ဒေါ်လာသန်းခန့် တင်ပို့နိုင်ခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း မြိတ်ဒေသတွင် သုံးစွဲလျက်ရှိသည့် စက်သုံးဆီများကို ထိုင်းနိုင်ငံမှ တင်သွင်းသုံးစွဲလျက်ရှိရာ မေ ၁၆ ရက်မှ ၂၂ ရက်အတွင်း ဓာတ်ဆီ ၆၇၅ ဒသမ ၀၀ တန်၊ ဒီဇယ်ဆီ ၃၅၀ ဒသမ ၀၀ တန် တင်သွင်းနိုင်ခဲ့ပြီး စုစုပေါင်းတန်ဖိုး ၀ ဒသမ ၈၃၂ ဒေါ်လာသန်း တင်သွင်းနိုင်ခဲ့သည်။ မြိတ်ဒေသတွင် ဓာတ်ဆီတစ်လီတာ ၂၂၇၃ ကျပ်နှင့် ဒီဇယ်တစ်လီတာ ၂၃၁၈ ကျပ်ဖြင့် ဖြန့်ဖြူး ရောင်းချလျက်ရှိပြီး ငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၈၄ ဒသမ ၈၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

## တမူးမြို့နယ်စပ်၏ ကုန်သွယ်မှုအခြေအနေ

တမူးကုန်သွယ်ရေးစခန်းအနေဖြင့် မေ ၁၆ ရက်မှ ၂၀ ရက်အထိ ကုန်သွယ်မှုအခြေအနေမှာ ပို့ကုန်ပိုင်းတွင် စီးကရက် ၀ ဒသမ ၀၃၅ ဒေါ်လာသန်း၊ နန့်ဖာလုံကုန်စုံ ၀ ဒသမ ၀၀၈ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏအနေဖြင့် ၀ ဒသမ ၀၄၃ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှုပမာဏ စုစုပေါင်းတန်ဖိုး ၀ ဒသမ ၀၄၃ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။

တမူးကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှု ဆောင်ရွက်နေသော အများဆုံး ပို့ကုန်ပစ္စည်းအမယ်များမှာ ဝေဖာ၊ အရုပ်၊ ငါးသေတ္တာ၊ အချိုရည်၊ ပလတ်စတစ်ပုံး၊ ဖော်မီကာပြား၊ ပလတ်စတစ်အိတ်၊ သုံးဆင့်စင်၊ ကွေကာအုပ်နှင့် ခေါက်ဆွဲတို့ တင်ပို့လျက်ရှိပြီး သွင်းကုန်ပစ္စည်းအမယ်များမှာ ဆံပင်နှင့် ဓာတ်မြေဩဇာတို့ တင်သွင်းလျက်ရှိသည်။

မေလ ၂၂ ရက် ပြင်ပငွေလဲနှုန်းမှာ တစ်ဒေါ်လာ ၂၈၁၀ ကျပ်၊ တစ်ဒေါ်လာ ၈၇ ဒသမ ၈၁ ရူပီး၊ တစ်ရူပီး ၃၂ ကျပ်၊ ၁၀၀ ကျပ် ၃ ဒသမ ၁၃ ရူပီး ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရသည်။

## မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် မေ ၂၁ ရက်တွင် ပို့ကုန်တန်ဖိုးကန်ဒေါ်လာ ၀ ဒသမ ၈၉၀ သန်း၊ သွင်းကုန်တန်ဖိုးကန်ဒေါ်လာ ၂ ဒသမ ၁၉၇ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၃ ဒသမ ၀၈၇ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံး အမှန်တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ သရက်သီး ၅၈၃ ဒသမ ၅ တန်၊ ငရုတ်သီး ၈၀ ဒသမ ၈၆ တန်၊ ကဏန်း ၂၆ ဒသမ ၄၂၅ တန်၊ ငါးရှဉ့် ၂၇ ဒသမ ၂၀၀ တန်၊ ရေခဲပုစွန် ၁၇ ဒသမ ၁၆၀ တန်၊ ပုစွန်ဖွဲ ၉၈ ဒသမ ၅ တန်၊ နေလဲစေ့ ၄၈ ဒသမ ၉၅ တန်၊ ကြက်သွန်နီ ၈၅ ဒသမ ၅ တန်၊ ခဲသတ္တု ၈၈ တန်နှင့် မန်ကျည်းမှည့် တန် ၇၀ တို့ ဖြစ်သည်။

အများဆုံး တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ယာဉ်နှင့် ယာဉ်ယန္တရားများ၊ ဆိုလာပြား၊ ဆေးသကြား၊ မီးသီး/ မီးလုံး၊ မီးခံအုတ်၊ ကွန်ပေါင်းဓာတ်မြေဩဇာ၊ လယ်ထွန်စက်၊ ဖိနပ်မျိုးစုံ၊ သွပ်လိပ်နှင့် ဆိုလာမီးအားမြှင့်စက်တို့ ဖြစ်သည်။

၂၀၂၃ ခုနှစ် မေလ ၁ ရက်နေ့မှ ၂၁ ရက်ထိ ပို့ကုန်တန်ဖိုးကန်ဒေါ်လာ ၂၄ ဒသမ ၈၂၂ သန်း၊ သွင်းကုန်တန်ဖိုးကန်ဒေါ်လာ ၄၉ ဒသမ ၄၂၄ သန်း၊ ကုန်သွယ်မှုတန်ဖိုးကန်ဒေါ်လာ ၇၄ ဒသမ ၂၄၆ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ MACCS စနစ်အရ ငွေလဲနှုန်းတစ်ယွမ်လျှင် ၃၀၃ ဒသမ ၃၄၆ ကျပ်ဖြင့် တွက်ချက်ထားရှိခြင်းဖြစ်ပြီး လက်ရှိတွင် ကုန်သွယ်မှုလမ်းကြောင်း ကောင်းမွန်လျက်ရှိကြောင်း သိရှိရသည်။

မေ ၁၅ ရက်မှ ၂၁ ရက်အထိ အများဆုံး တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ သရက်သီး ၄၀၉၇ ဒသမ ၅၀၀ တန်၊ ငရုတ်သီးခြောက် ၁၀၂၁ ဒသမ ၁၈၃ တန်၊ ငါးရှဉ့် ၂၅၁ ဒသမ ၅၂ တန်၊ ကြက်သွန်နီ ၁၇၂၃ တန်၊ ကြေးနီ ၁၃၈ တန်၊ ကဏန်း ၉၆ ဒသမ ၂၅ တန်၊ သီဟိုဠ်စေ့ ၆၃ ဒသမ ၄ တန်၊ မြေပဲ ၁၆၈ ဒသမ ၃၁၈ တန်၊ ပုစွန်ဖွဲ ၄၉၈ ဒသမ ၅ တန်နှင့် ပုစွန်ခြောက် ၃၃ ဒသမ ၅၂၇ တန်တို့ဖြစ်သည်။

မေ ၁၅ ရက်မှ ၂၁ ရက်အထိ အများဆုံး တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ယာဉ်နှင့် ယာဉ်ယန္တရားများ၊ CMP စက်ရုံသုံး ကုန်ကြမ်းပစ္စည်းများ၊ ဆိုလာပြား၊ သွပ်လိပ်တန်ဖိုး၊ ဒီဇယ်ဆီ/ဓာတ်ဆီ၊ သံပိုက်၊ ကွန်ပေါင်းဓာတ်မြေဩဇာ၊ ဖိနပ်၊ ကားတာယာ/ကျွတ်နှင့် ဆေးသကြားတို့ ဖြစ်သည်။

မေ ၁၅ ရက် မှ ၂၁ ရက်အထိ အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများအား သရက်သီး ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၁ ဒသမ ၃၈၅ နှုန်း၊ ငရုတ်သီးခြောက် ၁ တန်လျှင် အမေရိကန် ဒေါ်လာ ၁၄၃၆ ဒသမ ၃၂၂ နှုန်း၊ ငါးရှဉ့် ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၀၈ ဒသမ ၄၇၃ နှုန်း၊ ကြက်သွန်နီ ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၀ ဒသမ ၈၈၅ နှုန်း၊ ကြေးနီ ၁ တန်လျှင် အမေရိကန် ဒေါ်လာ ၂၉၈၀ ဒသမ ၉၉၇ နှုန်း၊ ကဏန်း ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၁၈ ဒသမ ၉၂၇ နှုန်း၊ သီဟိုဠ်စေ့ ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၅၉ ဒသမ ၈၈၉ နှုန်း၊ မြေပဲ ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၁၅၅၀ ဒသမ ၂၄၅ နှုန်း၊ ပုစွန်ဖွဲ ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၀၀နှုန်းနှင့် ပုစွန်ခြောက် ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၀၀ နှုန်းဖြင့် တင်ပို့နိုင်ခဲ့သည်။

## ပခုက္ကူခရိုင်၏ ငရုတ်သီးခြောက်ဈေးနှုန်းဈေးကွက်



မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြစ်ခြေမြို့နယ်အတွင်းရှိ နန်းတော်ရပ်ကျေးရွာအုပ်စု ဘဲကြီးကျေးရွာ၊ ကျော်ကျေးရွာနှင့် မြင်းဝင်းကျေးရွာတို့တွင် ငရုတ်သီးနံ့ကို အဓိကစိုက်ပျိုးကြပြီး စိုက်ကေအနေဖြင့် သုံးသောင်းကျော်ရှိကြောင်း၊ ငရုတ်သီးကို ပျိုးပေါင်စနစ်ဖြင့် စိုက်ပျိုး၍ တစ်ကေလျှင် ငါးပေါင်မှ ခြောက်ပေါင်အထိ စိုက်ပျိုးပြီး တစ်ပေါင်လျှင် ငွေကျပ်ငါးသောင်း ကုန်ကျကြောင်း၊ ငရုတ်သီးမျိုးအနေဖြင့် မျှားနီ၊ ပန်းရဲ၊ အစပ်သီး အမျိုးအစားများကို အဓိက စိုက်ပျိုးကြကြောင်း သိရသည်။

ဈေးနှုန်းဈေးကွက်အနေဖြင့် ပခုက္ကူမြို့ စည်ပင်သာယာဈေးတွင် ရောင်းချသော ငရုတ်သီးခြောက် ဈေးနှုန်းများမှာ အမျိုးအစားကိုလိုက်၍ ငရုတ်ခြောက်အရှည် တစ်ပိဿာလျှင်ငွေကျပ် ၂၀၀၀၀၊ ငရုတ်သီးခြောက် (ကျွန်းခြောက်) တစ်ပိဿာလျှင်ငွေကျပ် ၁၇၀၀၀၊ ငရုတ်ခြောက်(ပု) တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀၊ သန့်စင်ပြီးသော ငရုတ်သီးခြောက်(ခွဲခြမ်း) တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀၊ ငရုတ်သီး (အနုမှုန့်) တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ စသည်ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ နန်းတော်ရပ်အုပ်စု ဘဲကြီးကျေးရွာမှ စိုက်ပျိုးထွက်ရှိသော ငရုတ်သီးခြောက် ဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ မှ ငွေကျပ် ၁၀၅၀၀ ဖြင့် ရောင်းချရကြောင်း၊ တောင်သူလက်ကျန်အနေဖြင့် ငရုတ်သီးခြောက် ပိဿာချိန် ၉၀၀၀၀ ခန့် ကျန်ရှိကြောင်း၊ တောင်သူများအနေဖြင့် အကျိုးအမြတ်ရရှိကြောင်း သိရသည်။ ပြည်တွင်းတင်ပို့မှုအနေဖြင့် မန္တလေး၊ ရန်ကုန်၊ မိတ္ထီလာနှင့် ပြည်ပတင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ တင်ပို့ကြောင်း သိရသည်။

**DOCA(မကွေး)**

## ဖြူးမြို့နယ်၌ နွေစပါးများ စတင်ရိတ်သိမ်း၍ တောင်သူများ အကျိုးအမြတ်ရရှိ



ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်၌ နွေစပါးများ စိုက်ပျိုးပြီး၊ စိုက်ပျိုးသည့် စပါးအမျိုးအစားများမှာ နံ့ကောက်နှင့် ရောမင်းတို့ဖြစ်ကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် တစ်ကေလျှင် ငွေကျပ် ကိုးသိန်းခန့်ကုန်ကျကြောင်း၊ ယခုအခါ နွေစပါးများ စတင်ရိတ်သိမ်းနေပြီဖြစ်ရာ အထွက်နှုန်းအနေဖြင့် တစ်ကေလျှင် တင်း ၁၄၀ ခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ဖြူးမြို့နယ်၏ နွေစပါးပေါက်ဈေးမှာ ကွင်းဈေး တင်း ၁၀၀ လျှင် ငွေကျပ် ၁၄ သိန်း၊ ဆန်စက်အရောက်ဈေး ငွေကျပ် ၁၅ သိန်းရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ကေလျှင် ငွေကျပ် ၁၁ သိန်းမှ ငွေကျပ် ၁၂ သိန်းအထိ အကျိုးအမြတ်ရရှိကြောင်း သိရှိရသည်။

**DOCA (ပဲခူး)**

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# ရခိုင်ပြည်နယ် လေဘေးကယ်ဆယ်ရေးသို့ သွားရောက်ကူညီမည့် အမှတ်(၄) ရဲလေ့ကျင့်ရေးသင်တန်းကျောင်း ရဲတပ်ဖွဲ့ဝင်များကို ထောက်ပံ့ငွေများ ပေးအပ်

**တောင်ကြီး မေ ၂၂**

အားကောင်းသော ဆိုင်ကလုန်း မုန်တိုင်း "မိုခါ" ဒဏ်ကြောင့် မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ ဒေသများတွင် ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ခဲ့ရပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၇ နာရီက ရခိုင်ပြည်နယ် လေဘေးကယ်ဆယ်ရေး အတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၄)ရဲလေ့ကျင့်ရေးသင်တန်းကျောင်း တောင်လေးလုံး ကမ္ဘောဇခန်းမ၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် ရဲတပ်ဖွဲ့ဝင်များ တွေ့ဆုံ၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက မုန်တိုင်းဒဏ်သင့်ခဲ့သည့် ဒေသများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အင်အားများ လိုအပ်သောကြောင့် ရဲတပ်ဖွဲ့အနေဖြင့် ရှမ်းပြည်နယ် ကိုယ်စားပြုသွားရောက်မည်ဖြစ်သည့်အတွက် လုပ်ငန်းတာဝန်ပြီးဆုံးသည်အထိ ထိခိုက်မှုမရှိဘဲ အန္တရာယ်မရှိအောင် ဂရုစိုက်ဆောင်ရွက်ကြရန်၊ ကျန်းမာရေး ဂရုစိုက်ကြရန် ပြောကြားသည်။




ဆက်လက်၍ ရခိုင်ပြည်နယ် လေဘေးကယ်ဆယ်ရေးသို့ သွားရောက်ကူညီမည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၄)ရဲလေ့ကျင့်ရေး သင်တန်းကျောင်းမှ ရဲတပ်ဖွဲ့ ၄၀၀ ဦးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ်သိန်း ၂၀၀ ကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက လည်းကောင်း၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ ထောက်ပံ့ငွေကျပ်သိန်း ၃၀ ကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ရဲမှူးချုပ်တင်ကိုကိုက လည်းကောင်း ပေးအပ်ရာ အမှတ်(၄) ရဲလေ့ကျင့်ရေးသင်တန်းကျောင်း ဒုတိယကျောင်းအုပ်ကြီး ဒုတိယရဲမှူးကြီး သန်းဌေးဦးက လက်ခံရယူသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အမှတ် (၄) ရဲလေ့ကျင့်ရေးသင်တန်းကျောင်း အတွက် ထောက်ပံ့ငွေပေးအပ်ရာ ကျောင်းအုပ်ကြီးရဲမှူးကြီး ဗညားဦးက လက်ခံရယူသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရခိုင်ပြည်နယ် လေဘေး ကယ်ဆယ်ရေးသို့ သွားရောက်ကူညီမည့် ရဲတပ်ဖွဲ့များ ယာဉ်ပေါ် တက်ရောက် ထွက်ခွာနေမှုကို လိုက်လံ နှုတ်ဆက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# (၂၂)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံအထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့အကြား လူကုန်ကူးမှုတိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၂**

(၂၂) ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနတို့အကြား လူကုန်ကူးမှုတိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေး (22nd Meeting on Cooperation to Combat Trafficking in Persons between Myanmar Police and Department of Special Investigation) ကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် Park Royal Hotel၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။



အစည်းအဝေးသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် မြင့်ထူး ဦးဆောင်သော ကိုယ်စားလှယ် ၁၅ ဦးနှင့် ထိုင်းနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး Pol. Maj. Arit Tatsaphan ဦးဆောင်သော ကိုယ်စားလှယ် ခြောက်ဦး စုစုပေါင်း ကိုယ်စားလှယ် ၂၁ ဦး တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ၂၀၂၀ ပြည့်နှစ်က Video Conference စနစ်ဖြင့် ကျင်းပခဲ့သည့် (၂၁) ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့အကြား လူကုန်ကူးမှု တိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြန်လည်သုံးသပ် ဆွေးနွေးခြင်း၊ ၂၀၂၂-၂၀၂၃ ခုနှစ် ကာလအတွင်း နယ်စပ်ဖြတ်ကျော်ဖြစ်ပွားသော လူကုန်ကူးမှု အခြေအနေများ၊ လူကုန်ကူးမှု ကြိုတင်ကာကွယ်ရေးကိစ္စရပ်များ၊ ပြောင်းလဲလာသော လူကုန်ကူးမှုပုံစံများနှင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံ နယ်စပ်မြို့များသို့ နိုင်ငံခြားသားများ တရားမဝင်လာရောက် အလုပ်လုပ်ကိုင်မှု ဖြစ်စဉ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခြင်း၊ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသားများအား ပြန်လည်လွှဲပြောင်းရာတွင် လူကုန်ကူးခံရခြင်း မရှိသူများကို လူကုန်ကူးခံရသူ(Victim)အဖြစ် သတ်မှတ်လွှဲပြောင်း ပေးမှုနှင့် ပတ်သက်၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂ - ၅ - ၂၀၂၃

**ရွှေ**

| | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား | ကျပ် ၃၂၉၁၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား | ကျပ် ၃၂၇၉၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၉၇၇ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၉၇၆ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၂၅ ကျပ် | ၁၉၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၀၅ ကျပ် | ၂၀၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၀၅ ကျပ် | ၂၀၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၉၅ ကျပ် | ၂၁၄၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၂၇၂. ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၆၀ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၆၀ . ၉၆၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၂၂ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၆၁ . ၉၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၉၈ . ၇၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၃၅၁ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၁၀၀ | ၈၂၀၀ | ၁၈၇၁ | ၁၅၃၂၂၃၀၀ |
| MTSH | ၂၉၅၀ | ၂၉၅၀ | ၃၀၄ | ၈၈၈၉၅၀ |
| MCB | ၇၀၀၀ | ၇၀၀၀ | ၄၅ | ၃၁၅၀၀၀ |
| FPB | ၁၄၅၀ | ၁၄၅၀ | ၁၆ | ၂၃၂၀၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၅၀ | ၁၂၀၀၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

# ကျန်းမာရေးဝန်ကြီးဌာနမှ နယ်လှည့်အထူးကုဆေးအဖွဲ့များ၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များနှင့် ဆေးအဖွဲ့များက ဆိုင်ကလုန်းမုန်တိုင်းမိုခါ ဘေးအန္တရာယ်ကျရောက်ခဲ့သည့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၂**

ကျန်းမာရေးဝန်ကြီးဌာနသည် ဆိုင်ကလုန်း မုန်တိုင်း မိုခါဘေးအန္တရာယ် ကျရောက်သည့် ဒေသများတွင် မေ ၁၅ ရက်မှစတင်၍ ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ နယ်လှည့်အထူးကု ဆေးအဖွဲ့များ၊ အရေးပေါ်တုံ့ပြန်ဆောင် ရွက်ရေးအဖွဲ့များနှင့် ဆေးအဖွဲ့များက တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေး ဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ မှသည် ကျေးလက်ဒေသများသို့ ရောက်ရှိ သည်အထိ ကွင်းဆင်းဆောင်ရွက်ခြင်း၊ ပြည်သူ့ဆေးရုံများတွင် ပြင်ပလူနာများ ကြည့်ရှုကုသခြင်း၊ အတွင်းလူနာများအား ကုသပေးခြင်းနှင့် ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ယာယီခွဲစိတ်ခန်းများ ဖွင့်လှစ်၍ ကုသပေးခြင်းများ ဆောင်ရွက် လျက်ရှိသည်။ ယင်းအပြင် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျန်းမာရေးကဏ္ဍ အခြေခံအဆောက် အအုံများ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို မိုးမကျမီကာလအတွင်း အထူးကြိုးစားဆောင်ရွက်လျက်ရှိသည်။



ရသေ့တောင်မြို့နယ် ကူတောင်တိုက်နယ်ဆေးရုံ ဆင်ဝင်အမိုးအောက်တွင် ဆေးခန်း ဖွင့်လှစ်ကုသပေးနေစဉ်။

**ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်**

မေ၂၁ ရက်တွင် အရေးပေါ်တုံ့ပြန် ရေးဆေးအဖွဲ့များက ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ရသေ့တောင် မြို့နယ် မြို့ပေါ်ရပ်ကွက်များတွင် ရေသန့် ဆေးခတ်ခြင်း၊ ကျန်းမာရေးပညာပေး ခြင်းနှင့် ဆေးကုသမှုပေးခြင်းများ ဆောင် ရွက်လျက်ရှိသည်။

ယနေ့တွင် ရသေ့တောင်မြို့နယ် ကူတောင်တိုက်နယ်ဆရာဝန် ဦးဆောင်၍ ကူတောင်တိုက်နယ်ဆေးရုံ ဆင်ဝင်အမိုး အောက်တွင် ဆေးခန်း ဖွင့်လှစ်ကုသ ခဲ့ပြီး ပြည်သူ ၁၂၃ ဦးကို ကျန်းမာရေး စောင့်ရှောက်မှုများ ပေးအပ်နိုင်ခဲ့သည်။ အလားတူယနေ့တွင်ရသေ့တောင်မြို့နယ် တွင် စေတီပြင်တိုက်နယ်ဆေးရုံရှိ မုန်တိုင်းတိုက်ခတ်မှုကြောင့် အမိုးပျက်စီး သွားသော လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ ကို အမြန်ဆုံး ပြင်ဆင်ဆောင်ရွက်ပြီးစီးခဲ့ သည်။



ကျောက်တော်မြို့နယ်တွင် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကူးစက်ရောဂါ ကာကွယ် ရေးဆိုင်ရာ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။

**ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်**

ပေါက်တောမြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဦးဆောင်သော အရေးပေါ် တုံ့ပြန်ရေး ဆေးအဖွဲ့များသည် ယမန် နေ့က အိမ်ခြေ ၆၃၀ ခန့်ရှိသော ပေါက်တော မြို့နယ် သဝန်ချောင်းကျေးရွာသို့ ကွင်းဆင်းသွားရောက်ကာ ရေအရင်း အမြစ်များ၏ သန့်ရှင်းမှုအခြေအနေကို စိစစ်ခဲ့ပြီး အိမ်ခြေ ၃၀၀ စာ ရေသန့် ဆေးပြား ၃၀၀၀ ကို အိမ်တိုင်ရာရောက် လိုက်လံဝေငှခဲ့ပြီး ရွာလယ်ဇရပ်တွင် ရွာသူ/ရွာသား ၆၇ ဦးကို ကျန်းမာရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍ အိမ်ခြေ ၃၁၅ အိမ်ခန့် ရှိသော ပေါက်တောမြို့နယ် တောင်းဖူး ကျေးရွာသို့ ကွင်းဆင်းသွားရောက်ကာ ရေအရင်းအမြစ်များ၏ သန့်ရှင်းမှုအခြေ အနေကို စိစစ်ခဲ့ပြီး အိမ်ခြေ ၁၀၀ စာ ရေသန့်ဆေးပြား ၁၀၀၀ ကို အိမ်တိုင် ရာရောက် လိုက်လံဝေငှခဲ့ပြီး ကျေးရွာ စာကြည့်တိုက်တွင် ရွာသူ/ရွာသား ၆၅ ဦးကို ကျန်းမာရေးပညာပေးလုပ်ငန်း များ ဆောင်ရွက်ခဲ့သည်။

**ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်**

အရေးပေါ်တုံ့ပြန်ရေး ဆေးအဖွဲ့ များသည် မေ ၂၀ ရက်က ကျောက်တော် မြို့နယ် သရက်တပင်၊ စဖိုသားနှင့် အတွင်းရွာ စုစုပေါင်း ကျေးရွာ သုံးရွာရှိ ရေအရင်းအမြစ်များကို ရေသန့်ဆေးများ ခတ်ခြင်း၊ ရေသန့်စင်ဆေးပြား ၇၀၀ ကို ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ကျန်းမာ ရေး ပညာပေးခြင်းလုပ်ငန်းများ ဆောင် ရွက်ခဲ့သည်။

**ရခိုင်ပြည်နယ် မင်းပြားမြို့နယ်**

အလားတူ အရေးပေါ်တုံ့ပြန်ရေး ဆေးအဖွဲ့များသည် ယမန်နေ့က မင်းပြား မြို့နယ် မြို့ပေါ်ရပ်ကွက်များတွင် ရေသန့်စင်ဆေးများ လိုက်လံခတ်ခြင်း၊ မြေသားရေကန်ကြီးများမှ တစ်ဆင့်ယူ၍ သောက်သုံးရေအသုံးပြုသော ရေသိုလှောင် ကန်များအား ကလိုရင်းဆေးခတ်ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုများ ရှိသည့် ဥက္ကာပျံရပ်ကွက်အတွင်း ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ပြုလုပ် ခြင်းနှင့် ကျန်းမာရေးပညာပေးလုပ်ငန်း များ ဆောင်ရွက်ခဲ့သည်။

**ရခိုင်ပြည်နယ် မောင်တောမြို့နယ်**

ထို့အတူ အရေးပေါ်တုံ့ပြန်ရေး ဆေး အဖွဲ့များသည် ယမန့်နေ့က မောင်တော မြို့နယ် မြို့ပေါ်ရပ်ကွက်များတွင် ရေသန့်စင်ဆေးများ လိုက်လံခတ်ခြင်းနှင့် ကျန်းမာရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ အရေးပေါ်တုံ့ပြန် ရေးဆေးအဖွဲ့များသည် အိမ်ခြေ ၈၈ အိမ် ခန့်ရှိသော မောင်တောမြို့နယ် အင်းဒင် ကျေးရွာ၊ အိမ်ခြေ ၂၂၅ အိမ်ခန့်ရှိသော မောင်တောမြို့နယ် အောင်သုခကျေးရွာ တို့သို့ ကွင်းဆင်းသွားရောက်ကာ ရေ အရင်းအမြစ်များနှင့် အစားအသောက် သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာ ရေး ပညာပေးလုပ်ငန်းများ ဆောင် ရွက်ခဲ့ပြီး ဆေးကုသမှုလုပ်ငန်းများအဖြစ် အောင်သုခရွာတွင် ၆၄၂ ဦး၊ မြို့ယုရွာ တွင် ၆၃၄ ဦး၊ အင်းဒင်ရွာတွင် ၃၉၁ ဦး၊ ပဲရုံရွာတွင် ၅၇၃ဦး နှင့်အောင်သုခရွာတွင် ၈၀၅ ဦး၊ စုစုပေါင်း ၃၀၄၅ ဦးတို့အား ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

**ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်**

အရေးပေါ်တုံ့ပြန်ရေး ဆေးအဖွဲ့ များနှင့် မိခင်နှင့် ကလေးကျန်းမာရေး ဆေးအဖွဲ့များသည် ယနေ့တွင် ပုဏ္ဏား ကျွန်းမြို့နယ် ယိုးငူကျေးရွာသို့ ကွင်းဆင်း သွားရောက်၍ ဆေးကုသမှုပေးခြင်း၊ ကျန်းမာရေး ပညာပေးခြင်း၊ ရေသန့် ဆေးပြားဖြန့်ဝေခြင်းနှင့် ရေသန့်ဆေး ပြား အသုံးပြုပုံကို ပညာပေးခြင်းတို့ကို ဆောင်ရွက်သည်။ အလားတူယမန်နေ့က ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူ့ဆေးရုံရှိ အမိုးပျက်စီးသွားခဲ့သော နှစ်ခန်းတွဲ ဆေး သိုလှောင်ရုံနှင့် နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ များအား ပြုပြင်ပြင်ဆင်ပြီးဖြစ်သည်။

**သတင်းစဉ်**



ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်ပြည်သူ့ဆေးရုံ နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ အမိုးပျက်စီးခြင်း ပြုပြင်ပြီးစဉ်။

## ပျဉ်းမနားမြို့နယ်အတွင်း မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၃၂၇ သိန်းကျော်ထုတ်ချေး

**ပျဉ်းမနား မေ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ တောင်သူများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၃ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို သတ်မှတ်အုပ်စုများအလိုက် ထုတ်ချေးပေးလျက်ရှိသည်။

ယနေ့တွင် သနပ်ပင်ဆိပ်ကျေးရွာအုပ်စုနှင့် ကျွန်းဦးကျေးရွာအုပ်စုအတွင်းရှိ တောင်သူ ၆၆ ဦးတို့၏ စပါးစိုက်ပျိုးဧက ၁၇၃ ဧကနှင့် အခြားသီးနှံစိုက်ပျိုးဧက ၆၈ ဧက အတွက် ငွေကျပ် ၃၂၇ သိန်း ငါးသောင်း ထုတ်ချေးပေးခဲ့သည်။ အဆိုပါ မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို မေ ၁၈ ရက်မှ စတင်ထုတ်ချေးပေးခဲ့ကြောင်း၊ လယ်ယာလုပ်ငန်းခွင်သို့ ဝင်ကြမည့် တောင်သူများအတွက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် အတွက် ၂၀၂၃ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပျဉ်းမနားမြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဒေါ်နန့်တင်စန်း ထံမှ သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

| | |
|---|---|
| **ပြင်ဆင်ဖတ်ရှုပါရန်** | ၂၂-၅-၂၀၂၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၄ တွင် ဖော်ပြပါရှိသော သာစည်မြို့နယ်၌ သဘာဝဘေးကြောင့် ရေကြီးနစ်မြုပ်ခဲ့သည့် စိုက်ခင်းများ ကွင်းဆင်းကြည့်ရှု သတင်းတွင် ၂၆၂ ဧက ပျက်စီးခဲ့ကြောင်း **(အစား)** ၂၆၂ ဧက ထိခိုက်ခဲ့ကြောင်း ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **မြန်မာ့အလင်း** |

## အိန္ဒိယနိုင်ငံသားများနှင့် ရုရှားနိုင်ငံသူများကို စည်းရုံးခေါ်ဆောင်ပြီး အွန်လိုင်းမှ ငွေကြေးလိမ်လည်သည့် လုပ်ငန်းလုပ်ကိုင်စေကာ လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်တစ်သက်ချမှတ်

**နေပြည်တော် မေ ၂၂**

အိန္ဒိယနိုင်ငံသားနှင့် ရုရှားနိုင်ငံသူများ ကို စည်းရုံးခေါ်ဆောင်ပြီး အွန်လိုင်းမှ ငွေကြေးလိမ်လည်သည့် လုပ်ငန်း လုပ်ကိုင်စေကာ လုပ်အားခ ခေါင်းပုံ ဖြတ်ယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်တစ်သက်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

တရုတ်နိုင်ငံ Guizhou ပြည်နယ်နေ Mr. Zhang Huan Huan (ကျောင်ဟွမ် ဟွမ်) နှင့် လိပ်စာတူနေသူ အာဟောက် (ခ) Mr. Fuyi တို့က အိန္ဒိယနိုင်ငံသား Mr. --- ၃၀ နှစ်၊ Mr. --- ၂၂ နှစ်နှင့် Mr. --- ၂၅ နှစ်တို့ကို မြန်မာနိုင်ငံရှိ Supermarket လုပ်ငန်းတွင် တစ်လ လျှင် အမေရိကန်ဒေါ်လာ (၈၀၀) ဖြင့် လည်းကောင်း၊ ရုရှားနိုင်ငံသူ Ms. --- ၃၃ နှစ်နှင့် Ms.--- ၂၄ နှစ်တို့ကို Office Management Call Manager လုပ်ငန်း တွင် အမေရိကန်ဒေါ်လာ (၄၀၀၀/ ၅၀၀၀) ရမည်ဟု စည်းရုံးခေါ်ဆောင်၍ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်အတွင်းရှိအဆောက် အဦတစ်ခုတွင် အွန်လိုင်းမှ ငွေကြေး လိမ်လည်သည့် လုပ်ငန်းအား လုပ်ကိုင် စေကာ ပြင်ပထွက်ခွင့် မရအောင် ပိတ်လှောင်ထားခြင်း၊ နေရပ်သို့ပြန်ခွင့် မရအောင် ငွေကြေးဖြင့် ထိန်းချုပ်ခြင်း၊ နိုင်ငံကူးလက်မှတ်များ သိမ်းဆည်းထား ပြီး သတ်မှတ်သည့် လစာအပြည့်အဝ မပေးဘဲ လုပ်အားခများအား ခေါင်းပုံ ဖြတ်ရယူခဲ့သဖြင့် လှိုင်သာယာ (အရှေ့ပိုင်း) မြို့မရဲစခန်း (ပ) ၄၀၂/၂၀၂၃၊ လူကုန် ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၃၆ ဖြင့် အမှုရေးဖွင့်၍ ရန်ကုန်တိုင်း စစ်ဌာနချုပ် စစ်ခုံရုံးသို့ တရားစွဲတင်ပို့ ခဲ့ရာ မေ ၁၅ ရက်တွင် တရားခံ Mr. Zhang Huan Huan (ကျောင်ဟွမ်ဟွမ်) နှင့် အာဟောက်(ခ) Mr. Fuyi တို့ နှစ်ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေ ပုဒ်မ ၃၅/၃၆ အရ ထောင်ဒဏ်တစ်သက် စီချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
## အင်ဂျင်နီယာသင်တန်းသားများ
## အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ် ၆ လထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂၅-၄-၂၀၂၃** ရက်နေ့မှ စတင်၍ **၂၄-၆-၂၀၂၃** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့ မှ ၂၄ ရက် နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **ဇွန်လ ၂၉ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်** ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၃ ခုနှစ်၊ ဇူလိုင် ၁၅ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

